



စိတ်ကူးချိုချိုအနုပညာ

# တစ်ပိုင်းတစ်စ ကန္တာရထဲက ယွန်းနံ့စွဲနေတဲ့ စာမျက်နှာများ

မောင်သာချို

mgyoe.com

mgyoe.com



အတိတ်ကို သတိတရ ရှိတတ်လာပြီး
အတိတ်ခေတ် ပုဂံနှင့်
ပုဂံသူ ပုဂံသားတို့ အပေါ်
စိတ်ဝင်စားမှု လိပ်ပြာကလေး
နည်းနည်းပါးပါး နိုးထလာသည့်
ဆိုလျှင်ပင်....

ISBN9789999712804
MTC3
9 789999 712804
2,500.00KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

၈၀၈.၈၃

တစ်ပိုင်းတစ်စကန္တာရထဲကယွန်းနံ့စွဲနေတဲ့စာမျက်နှာများ
မောင်သာချို - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၁၇၂ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ
(၁) တစ်ပိုင်းတစ်စကန္တာရထဲကယွန်းနံ့စွဲနေတဲ့စာမျက်နှာများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တစ်ပိုင်းတစ်စ ကန္တာရထဲက ယွန်းနံ့စွဲနေတဲ့ စာမျက်နှာများ

## မောင်သာချို

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


စာဖတ်သူသို့ က

၁။ အရိုမဒ္ဒနပူရကိုမထိနဲ့
(ရန့်သစ်၊နိုဝင်ဘာ ၂၀၁၂) ၁

၂။ ကြေးနီရောင်သမ်းနေတဲ့မြို့
(ပန်းအလက်ာ၊ဒီဇင်ဘာ ၂၀၀၇) ၁၀

၃။ ခြောက်သွေ့သော အုံ့ညြိမှုထဲကဆိတ်တစ်ဖက် နွားတစ်ဖက် ၁၇
(ပန်းအလက်ာ၊ဒီဇင်ဘာ ၂၀၀၈)

၄။ ပုဂံခေတ်က လူဖြစ်ဆန်းဆန်း
ရန့်သစ် ၊စက်တင်ဘာ ၂၀၁၂) ၂၄

၅။ ပန်းပဲဆရာတစ်ယောက်ရဲ့စကားဝါပန်းများ
(ပန်းအလက်ာ၊ဩဂုတ်၂၀၀၈) ၃၀

၆။ မင်းမဟာဂီရိစောင့်တဲ့တံခါး
(ပန်းအလက်ာ၊ဇွန်၂၀၀၈) ၄၀

၇။ တစ်ပိုင်းတစ်စ သဲကန္တာရရဲ့တောင်ဘက်တံခါးဝ
(ပန်းအလက်ာ၊မေ၂၀၀၈) ၄၆

၈။ တန့်ကြည့်တောင်ခြေ၌ လေထဲရှိ
ပြက္ခဒိန်စာရွက်များကိုလှန်လှောခြင်း
(ဆဲဗင်းဒေး၂၂၊ မေ၂၀၁၃) ၅၆

၉။ ရာမညရဟန်းတစ်ပါးရဲ့ သီရိလက်ာဆန်သောနေ့များ
(ပန်းအလက်ာ၊ဖေဖော်ဝါရီ၂၀၀၉) ၆၂


mgyoe.com

mgyoe.com

၁၀။ လျှိုမြောင်ချောက်တွေကြားက ကိုယ်ယောင်ဖျောက်ထားတဲ့ ဥမင်
(ရန်နံ့သစ်၊ အောက်တိုဘာ၂၀၁၂) ၇၀
၁၁။ ဒဏ္ဍာရီယံ့တမ်းစကားတွေကြားက ကလန်စစ်သား
(ရန်နံ့သစ်၊ဒီဇင်ဘာ ၂၀၁၂) ၇၇
၁၂။ ကျန်စစ်သားနှင့် သူ့လူသုံးယောက်
(ရန်နံ့သစ်၊ဩဂုတ်၂၀၁၂) ၈၄
၁၃။ မြကန်သာနဲ့ တူရွင်းတောင်တန်း
(ပန်းအလင်္ကာ၊ ဇူလိုင် ၂၀၀၈) ၈၈
၁၄။ ဇင်းကျိုက်တောင်ခြေမှတောင်တော်ရွှေပုပ္ပားသို့
(ပန်းအလင်္ကာ၊အောက်တိုဘာ၂၀၀၈) ၉၅
၁၅။ တမ္ဗဒီပရောက် ရာမညအိပ်မက်
(ပန်းအလင်္ကာ၊နိုဝင်ဘာ ၂၀၀၈) ၁၀၁
၁၆။ စကားဝါပန်းတွေကို ဗျတ္တခူးခဲ့သည်
(ပန်းအလင်္ကာ၊စက်တင်ဘာ၂၀၀၈) ၁၀၉
၁၇။ ဘယ်လိုပဲသေသေ ဘယ်သူပဲသတ်သတ်နတ်ကတော့နတ်
(ဆဲဗင်းဒေး၁၂၊ဇူလိုင် ၂၀၁၂) ၁၁၇
၁၈။ ရာဇကုမာရ် ဘယ်သူလဲ
(ပန်းအလင်္ကာ၊မတ် ၂၀၀၈) ၁၂၆
၁၉။ ဓမ္မရံကြီးက ညည်းညူသံများ
(ပန်းအလင်္ကာ၊ဇန်နဝါရီ၂၀၀၈) ၁၃၄
၂၀။ ပဟောဠိဆန်သော အနန္တသူရိယ
(ပန်းအလင်္ကာ၊ဖေဖော်ဝါရီ ၂၀၀၈) ၁၄၁
၂၁။ စောလုံရဲ့ ပုဂံရာဇဝင်တရား
(ပန်းအလင်္ကာ၊ဇွန် ၂၀၀၉) ၁၅၀
၂၂။ ငြိမ်းချမ်းရေး သံတမန် ရှင်ဒိသာပါမောက္ခ
(ပန်းအလင်္ကာ၊ဧပြီ၂၀၀၈) ၁၅၆
၂၃။ ဒါမှ မှတ်တမ်းတင် ကျွန်များဆုတောင်းများနှင့် ကျိန်စာများ
ပန်းအလင်္ကာ၊ဧပြီ ၂၀၀၈) ၁၆၇

■

mgyoe.com

mgyoe.com

စာဖတ်သူသို့

ကျွန်တော်သည် သမိုင်းပညာရှင်တစ်ယောက်မဟုတ်ပါ ဟူသည့် စကားကိုပဲ ဦးစွာပထမ ပြောကြားလိုပါသည်။ ထို့ပြင် ကျွန်တော်က သမိုင်း သုတေသီတစ်ဦးလည်း မဟုတ်ရလေပါ။

သို့ဖြစ်ရာ ယခု စာဖတ်သူ၏ လက်ထဲသို့ ရောက်ရှိနေသော ပုဂံအကြောင်း စာအုပ်ထဲ၌ သမိုင်းကို ဝေဖန်ပိုင်းခြား ဆန်းစစ်သုံးသပ်ထားသည့် အချက်အလက်တို့ ပါဝင်ကောင်း ပါဝင်နိုင်လိမ့်မည်ဟု မမျှော်လင့်အပ်ပါ။

သို့သော် မြန်မာနိုင်ငံသားတစ်ယောက်အနေနှင့် ပုဂံညောင်ဦးတစ်ဝိုက်ကို ကျွန်တော် အလွန်ချစ်ပါသည်။ ယွန်းနံ့သင်းနေသည့် ခွက်ကလေးဖြင့် ရေနွေးကို ငှဲ့သောက်ရတာ၊ ယွန်းအစ်ကလေးထဲက လက်ဖက်ကို နှိုက်စားရတာ၊ ယွန်းပုံးကလေးဖြင့် တွင်းရေနွေးနွေးကို ငင်ပြီးချိုးရတာ၊မြေနီလမ်းကလေးတွေ ရစ်ခွေဝိုက်ထားသည့် ထနောင်းပင်ရိပ်၌ စိတ်အေးအေးလူလူဖြင့် ထိုင်နေရတာ၊ ရာဇဝင်ထုထည် အကြီးကြီးတွေ ကြားမှာ ဣန္ဒြေခန့်ခန့်ထည်ထည်ဖြင့် ရပ်တည်နေသည့် ဂူဘုရားတို့ကြား အဖူးအမြော်သွားရတာ၊ အားလုံးကို ကျွန်တော် စွဲလမ်းပါသည်။

ထို့ကြောင့် ပုဂံညောင်ဦးကို အရောက်အပေါက်များသူ စာရေးသူတစ်ယောက်အနေနှင့် ပုဂံညောင်ဦးတစ်ဝိုက်ကို ခံစားကာ ယခုဆောင်းပါးများကို ကျွန်တော်ရေးပါသည်။ ပထမ "ပန်းအလင်္ကာ" မဂ္ဂဇင်းတွင် "ညွန့်သောင်းစိ" ကလောင်ခွဲဖြင့် ရေးခဲ့ပြီး နောင်အခါ "ရန့်သစ်"နှင့် "7 Day News"၌ "မောင်သာချို" ဖြင့် ဆက်ရေးကာ ယခု ယင်းတို့ကို ပေါင်းစည်း

mgyoe.com

mgyoe.com

လိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော် အများကြီး မမျှော်လင့်ပါ။ အတိတ်ကို သတိတရ ရှိတတ်လာပြီး အတိတ်ခေတ် ပုဂံနှင့် ပုဂံသူ ပုဂံသားတို့အပေါ် စိတ်ဝင်စားမှု လိပ်ပြာကလေးနည်းနည်းပါးပါး နိုးထလာသည်ဟု ဆိုလျှင်ပင် ကျေနပ်လှပါပြီ။


စာအုပ်ထုတ်ဝေသူ စိတ်ကူးချိုချိုက ကဗျာဆရာ ကိုစန်းဦးကို ကျေးဇူးတင်ပါသည်။

မောင်သာချို

ရန်ကုန်မြို့၊ ၂၀၁၃။

■

mgyoe.com


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အရိမဒ္ဒနပူရကို မထိနဲ့

(တစ်)

ယနေ့ခေတ်တွင် ပုဂံဟု တညီတညွတ်တည်း ခေါ်ဝေါ်နေကြသည့် ပုဂံက အတိတ်မှာတော့ အခေါ်အဝေါ် အမျိုးမျိုးရှိခဲ့ပုံရပါလေသည်။ ကျွန်တော် ဖတ်ဖူးသမျှ စာအုပ်များထဲ၌ ပုကမ်၊ ပုကံ၊ ပေါကာမ်၊ ပုကာမ်၊ ဗုကာမ်၊ ပြုဂါမ၊ ပုဂါမ စသည် စသည်ဖြင့် စာလုံးပေါင်း အမျိုးမျိုး သတ်ပုံအမျိုးမျိုး ရေးခဲ့ကြကြောင်း သတိထားမိပါသည်။ ပုဂံအစနှင့် ပုဂံအဆုံးကို ရက် လ နှစ်တို့နှင့်တကွ တိတိကျကျ ပြောဖို့ဆိုသည်မှာလည်း ခက်ခဲလှပါဘိ။ သို့သော် AD ၉ ရာစုမှသည် AD ၁၃ ရာစု အထိ နှစ်ပေါင်း ၄၀၀ ဝန်းကျင် ကြာရှည်ခဲ့သည့် ခေတ်ကြီး တစ်ခေတ်ဖြစ်သည်ဟူကား အများက လက်ခံ ထားကြပြီး ဖြစ်ပါသည်။

ပုဂံမတိုင်မီက မြန်မာ့မြေပေါ်တွင် ပျူခေတ်ကြီးတစ်ခေတ် ထွန်းကားခဲ့ ဖူးကြောင်းကိုကား ပညာရှင်များစွာက လက်ခံထားပြီးသားဖြစ်ပါသည်။ ဦးအောင်သော်၊ ဦးမြင့်အောင်၊ ဦးစိန်မောင်ဦး၊ ဦးသန်းဆွေ စသည့် ရှေးဟောင်း

mgyoe.com

mgyoe.com

သုတေသနပညာရှင်တို့၏ "ရှေးဟောင်း မြန်မာမြို့တော်များ" စာအုပ်ပဲဖတ်ဖတ်။ ဗိုလ်မှူးဘရှင်၏ "အနော်ရထာ အရင်က မြန်မာနိုင်ငံ" စာအုပ်ကိုပဲဖတ်ဖတ်၊ ဆရာကြီး ဒေါက်တာသန်းထွန်း၏ "ပျူတွေဘယ်ပျောက်သွားသလဲ" စာအုပ်ကိုပဲဖတ်ဖတ်၊ ဦးသန်းထွန်း (ရွှေဘို)၏ "ပုဂံအကြို သမိုင်းခြေရာများ" စာအုပ်ကိုပဲဖတ်ဖတ်၊ မြန်မာနိုင်ငံသမိုင်း သုတေသနအဖွဲ့၏ "မြန်မာရက်စဉ်သမိုင်း" စာအုပ်ကိုပဲဖတ်ဖတ်၊ ဘုန်းတင့်ကျော်၏ "ပျူစစ်လျှင်မြန်မာ" စာအုပ်ကိုပဲဖတ်ဖတ် သည်မြေ သည်ရေနှင့် သည်တောသည်တောင်များ အကြား၌ ပျူမြို့ပြနိုင်ငံများ တည်ထောင်ကာ ပျူအမျိုးသားတို့ တစ်ခေတ်ဆန်းခဲ့ကြကြောင်းမှာကား အထင်အရှားပင် ဖြစ်ပါသည်။

တောင်တွင်းကြီးကိုရောက်လျှင် ဗိဿနိုးမြို့ဟောင်းသို့ ကျွန်တော်သွားမြဲဖြစ်ပါသည်။ ရွှေဘိုကိုမှရောက်ပြီဆိုလျှင်လည်း ဟန်လင်းမြို့ဟောင်းသို့ ကျွန်တော် သွားမြဲဖြစ်ပါသည်။ ပြည်အနားက သရေခေတ္တရာမြို့ဟောင်းကတော့ အခါခါ အခေါက်ခေါက်။ ပျူပုတီးစေ့များ၊ ပျူအရိုးအိုးများ၊ ပျူလက်ဝတ်ရတနာများ၊ ပျူလက်နက်များ၊ပျူသင်္ချိုင်းများ၊ ပျူအုတ်ချပ်များ၊ ပျူမြို့ရိုးတစ်ပိုင်းတစ်စ အပြိုအပျက်များကြားတွင် လျှောက်သွားရင်းက AD ၁ ရာစုမှသည် AD ၈ ရာစုအထိ နှစ်ပေါင်း ၈၀၀ ဝန်းကျင်တိုင်တိုင် မြို့ပြနိုင်ငံထူထောင်ကာ နေထိုင်ခဲ့ကြသည့် ပျူအမျိုးသား ပျူအမျိုးသမီးတို့ကို လွမ်းသလိုလိုကြီးဖြစ်ခဲ့မိတာလည်း အမှန်တကယ်ပဲ ဖြစ်ပါသည်။

ပျူမြို့တော်ဟောင်း ဗိဿနိုးက AD ၄ရာစုမှာ ပျက်ခဲ့ကြောင်း၊ ဟန်လင်း၊ သရေခေတ္တရာမြို့တော်ဟောင်းတို့က AD ၈ရာစု၌ ပျက်ခဲ့ကြောင်း၊ သို့ဖြင့် ဗျူတစ်ခေတ် ဆိတ်သုဉ်းသွားခဲ့ရကြောင်း စသည် စသည်တို့ကို ရာဇဝင်သမိုင်း စာမျက်နှာများစွာတို့၌ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ပျူပျက်တော့ ပုဂံတဲ့ –

သရေခေတ္တရာ ပျူမင်းဆက် ၂၇ ဆက်၌ သုပညာနဂရဆိန္နမင်း နတ်ရွာစံပါသည်။ ဤနေရာတွင် ဒဏ္ဍာရီတချို့က ထိုမင်းနတ်ရွာစံသော် အမျိုးသမီးကြီးတစ်ဦးက ဆန်ပြာနေခဲ့ကြောင်း၊ လေတိုက်သော် သူ၏ ဆန်ကောလွင့်ပါသွားခဲ့ကြောင်း၊ ထိုအခါ အမျိုးသမီးကြီးက " ငါ့စကော ... ငါ့စကော" နှင့်

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

လိုက်ရာ ပြည်သူအပေါင်းက ငါ့စကောဟူသည့် ရန်သူတပ်ကြီး ချီလာပြီဟု ယူဆကာ ပြေးကြရာက ပျူကမ်းယမ်းသက်ဟူသည့် အုပ်စုကြီး သုံးစုကွဲသွားခဲ့ကြောင်း၊ တစ်စုကို သုပညာနဂရဆိန္နမင်း၏ တူတော်စပ်သူ သမုဒ္ဒရာဇ်မင်းက ဦးဆောင်ခဲ့ကြောင်း၊ ထိုသမုဒ္ဒရာဇ်သည် ဦးစွာ တောင်ညို၌ မြို့တည်ရာ မွန်တို့ကြောင့်ပျက်၊ ထို့နောက် ပန်းတောင်း၌ မြို့တည်ရာ ကမ်းယမ်တို့ကြောင့်ပျက်၊ ထို့နောက် မင်းတုန်း၌ မြို့တည်ရာ ရခိုင်တို့ကြောင့်ပျက်ကြောင်း၊ စသည် စသည်ဖြင့် ဖော်ပြထားကြပါသည်။ သို့ဖြင့် သမုဒ္ဒရာဇ်မင်းသည် AD ၁၀၇ တွင်ကား ယုန်လွှတ်ကျွန်း၌ ရွာ ၁၉ ရွာကို စုကာ ပထမဦးစွာ ပုဂံကို တည်ထောင်ခဲ့ကြောင်း၊ AD ၁၆၇ တွင် ပျူစောထီးက အရိမဒ္ဒနကို တည်ထောင်ခဲ့ကြောင်း၊ AD ၃၄၄ တွင် သေဥ်လည်ကြောင်မင်းက လောကနန္ဒာအရပ်၌ သီရိပစ္စယာကို တည်ခဲ့ကြောင်း၊ AD ၅၁၆တွင် သိုက်တိုင်မင်းက သီရိပစ္စယာကို စွန့်ကာ တမ္ပဝတီ (ယခုဖွားစော)သို့ ပြောင်းရွှေ့၍ တည်ခဲ့ပြန်ကြောင်း၊ AD ၈၄၉ ပျဉ်ပြားမင်းလက်ထက်တွင်မှ ယခုခေတ် ပုဂံမြို့ဟောင်းနေရာသို့ ရွှေ့ပြောင်းတည်ထောင်ကာ ပုဂံပျက်သည်အထိ တည်တံ့ခဲ့ကြောင်း စသည် စသည်ဖြင့် ဆိုခဲ့ကြပါသည်။ သို့ဆိုလျှင် ပုဂံသည် ပုဂံခေတ်မှာပင်လျှင် နေရာ အကြိမ်ကြိမ် ရွှေ့ပြောင်းခဲ့ရသည့် မြို့ဟုဆိုရမည် ဖြစ်ပါသည်။

သရေခေတ္တရာပျူမြို့တော် ပျက်သုဉ်းအပြီး၌ ပျူအဆက် သမုဒ္ဒရာဇ်မင်းမှသည် စောမွန်နစ်မင်းအထိ ပုဂံမင်းဆက် ၅၅ ဆက် ပြလေ့ရှိခဲ့ကြသော်လည်း ဆရာကြီး ဒေါက်တာသန်းထွန်းကတော့ သက္ကရာဇ်အထောက်အထား အခိုင်အမာရှိသူ ၄၂ ယောက်မြောက် အနော်ရထာမင်းမှ စတင်ကာ ပုဂံမင်းဆက်ကို ဖော်ပြလေ့ရှိပါသည်။

၁။ အနိရုဒ္ဓ (အနော်ရထာ)
၂။ ဗြိဝဇြာဘရဏ (စောလူး)
၃။ ထိလိုင်မင်း (ကျန်စစ်သား)
၄။ ပထမစည်သူ (အလောင်းစည်သူ)
၅။ ဤမ်တော်ရှင် (နရသူ) (ကုလားကျ)
၆။ နရပတိစည်သူ
၇။ နာတောင်များ (ထီးလိုမင်းလို)

mgyoe.com

mgyoe.com



၈။ နရသိဃ်ဉဇ္ဇနာ

၉။ ဣဋ္ဌစွာ (ကျစွာ)

၁၀။ ဉစ္စာနာ

၁၁။ နရသီပ ပတ္တေ (တရုတ်ပြေး)

၁၂။ ကျော်စွာ ဟူ၍ ဖြစ်ပါသည်။

ဆရာကြီး ဒေါက်တာသန်းထွန်းက နရသူနှင့် နရပတိစည်သူ ကြားက မင်းယဉ်နရသိင်္ခကိုပင်လျှင် ဘုရင်စာရင်းထဲတွင်မထည့်။ ပုဂံခေတ်၏ အသက် ငင်) နေသည့် ဝါကျများဖြစ်သော စောနစ်၊ စောမွန်နစ်စသည့် မင်းများကိုပင် စာရင်းထဲမှာ မထည့်ပါလေတော့။

မည်သို့ပင်ဖြစ်စေကာမူ သမုဒ္ဒရာဇ်မင်းကနေ စောမွန်နစ်အထိ ပုဂံ မင်းဆက် ၅၅ ဆက်ကိုပဲ လက်ခံ လက်ခံ၊ အနော်ရထာကနေ ကျော်စွာအထိ ၁၂ ဆက်ကိုပဲ လက်ခံ လက်ခံ ပုဂံခေတ်ကြီး ခမ်းနားကြီးကျယ်စွာ ထွန်းကား ခဲ့သည်ဆိုခြင်းကိုဖြင့် မြန်မာကရော ကမ္ဘာကပါ မငြင်းပယ်ခဲ့ကြပါလေ။ ပူပြင်းခြောက်သွေ့သည့် တတ္တဒေသဖြစ်သည့်တိုင် အရှေ့မြောက် မိုင် ၉၀ အကွာက ကျောက်ဆည်ဒေသ၊ တောင်ဘက် မိုင် ၇၀ အကွာက မင်းဘူး ဒေသတို့၏ ဆည်ရေသောက် ဆန်စပါးများ ဖြစ်ထွန်းအောင်မြင်မှုကို ကျော ထောက်နောက်ခံပြုကာ ပုဂံ၏ ထမင်းအိုးတို့ မန္တမ်းမည်ျုးရှိခဲ့ကြသည်မှာလည်း အမှန်တကယ်ပဲ ဖြစ်ပါလေသည်။

ဩော် ... အရိမဒ္ဒနပူရဟူသည့် ရန်အပေါင်းကို အောင်မြင်သော ပုဂံ။ ချစ်ခင် မြတ်နိုး တန်ဖိုးထားရပါလေသော ပုဂံ။

(နှစ်)

ပါဠိဘာသာ၌ အရိက ရန်သူ မဒ္ဒနက အောင်မြင်ခြင်း ပူရက မြို့ပြ နိုင်ငံဖြစ်ရာ အရိမဒ္ဒနပူရကို ရန်အောင်မြင်မြို့ဟု ဘာသာပြန်ဆိုခြင်းက ပုဂံ နှင့် လိုက်ဖက်လှပါသည်။

သို့သော် ထိုပုဂံသည် တစ်ကြိမ်တွင်ကား ဘေးအန္တရာယ်ကျရောက် တော့မလို ဖြစ်ခဲ့ရပါသေးသည်။

mgyoe.com

mgyoe.com

ဒုတိယ ကမ္ဘာစစ်မီးကြီး လောင်မြိုက်စဉ်ကာလ ၁၉၃၉ မှ ၁၉၄၅ ကာလအတွင်း ဂျပန်တို့ မြန်မာနိုင်ငံမှ ၁၉၄၅ တွင် စတင် ဆုတ်ခွာကြပါသည်။ ထိုအခါ ဗြိတိသျှ အမှူးပြုကာ မဟာမိတ်တပ်တို့က စစ်မျက်နှာကို မီးကုန်ယမ်းကုန် ဖွင့်၍ ဝင်ရောက်လာခဲ့ရာ မြန်မာတို့၏ ပုဂံဒေသသည်လည်း ဗုံးဒဏ်အမြောက်ဒဏ်မှ လွတ်ကင်းနိုင်စရာ အကြောင်းမရှိပါ။ ထိုအခါ ဂျီအိပ်ချ်လုစ်ဆိုသော ဗြိတိသျှလူမျိုး ပညာရှင်တစ်ယောက်က အိန္ဒိယနိုင်ငံ ဒေလီမြို့ရှိ မဟာမိတ် စစ်ဌာနချုပ်သို့ စာရေးပို့ကာ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေပုဂံကို မထိဖို့ မေတ္တာရပ်ခံခဲ့ ဖူးပါသည်။ ဒေလီရှိ မဟာမိတ်စစ်ဌာနချုပ်ကလည်း ပညာရှင်၏ စကားကို နားထောင်လေသတဲ့။

မှန်ပါသည်။ ၁၈၈၉ ၌ မွေးကာ ၁၉၇၉ ၌ အနိစ္စရောက်သည့် Dr G.H. Luce (Gordon Hannington Luce) က ပညာရှင်တစ်ယောက်ပဲ ဖြစ်ပါသည်။ ကျွန်တော့် မှတ်စုတစ်နေရာကို ပြန်ကြည့်တော့ G.H. Luce ၏အကြောင်းကို ဤသို့တွေ့ရပါသည်။

အင်္ဂလန်နိုင်ငံ ဂလောက်ဆက် (စ်)တာ မြို့သား။ ဇနီးက ဆရာကြီး ဦးဖေမောင်တင်၏ နှမ ဒေါ်တီးတီးလုစ်။ လက်ထပ်ကြသည်က ၁၉၁၅။ လန်ဒန်မြို့ကိန်းဘရစ် တက္ကသိုလ်၌ အင်္ဂလိပ်ဘာသာစကားနှင့် ဂန္ထဝင် စာပေများကို သင်ယူကာ မဟာဝိဇ္ဇာဘွဲ့ရရှိသည်။

၁၉၁၂ တွင် ရန်ကုန်အစိုးရကောလိပ်၊ အင်္ဂလိပ်စာဌာနကထိက၊ ၁၉၂၁ တွင် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန စာတော်ဖတ်၊ ၁၉၅၃ တွင် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန၌ ပါမောက္ခ၊ ၁၉၅၆ တွင် မြန်မာနိုင်ငံ သုတေသနအသင်း ဥက္ကဋ္ဌ စသည်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

G.H. Luce က ၁၉၁၆ မှ စကာ မြန်မာစာပေ၊ မြန်မာဘာသာစကားနှင့် မြန်မာ့အနုပညာကို စတင်လေ့လာခဲ့ပါသည်။ ၁၉၂၈ ၌ ဆရာကြီး ဦးဖေမောင်တင်နှင့် တွဲကာ ပုဂံကျောက်စာညွှန့်ပေါင်းကျမ်း ကို ပြုစုသည်။ ၁၉၃၃ မှ ၁၉၅၆ အထိ မြန်မာတိုင်းရင်းကျောက်စာများ (inscriptions of Burma) ကို ၅ တွဲတိတိ ထုတ်ဝေခဲ့သည်။ ၁၉၆၉ – ၇၀ ၌ **old Burma early Pagan** စာအုပ်ကို ထုတ်ဝေခဲ့ပါသည်။ ဦးဖေမောင်တင်နှင့်တွဲကာ မှန်နန်းရာဇဝင် ကို The Glass Palace chronicle ဟူ၍

mgyoe.com

mgyoe.com


အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့သည်။ ထို့ပြင် ဘာသာစာပေသမိုင်း ယဉ်ကျေးမှုဆိုင်ရာ စာတမ်းများစွာကိုလည်း ရေးသားပြုစုခဲ့သူ ဖြစ်ပါ၏။ သို့ဖြစ်ရာ G. H .Luce သည် ပညာရှင်ဟူသော ဖော်ပြချက်၌ တစိုးတစိမှ အငြင်းပွားဖွယ်ရာ မရှိပါလေ။ ထို့ကြောင့် သူ့၌ ပညာရှင် နှလုံးသားရှိပါသည်။ ပညာရှင်တို့သည် မည်သို့သောအခါတွင်မှ ပြန်လည်ကာ အစားထိုး၍ မရသည့် ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်တို့ကို တန်ဖိုးထားကြစမြဲ။ သည်တော့ ဂျပန်အထွက် အင်္ဂလိပ်အဝင် မြန်မာပြည် စစ်မြေပြင်၌ ပုဂံကိုတော့ အမြောက်နှင့်မထုဖို့ ဗုံးမကြဲဖို့ ဒေလီ မဟာမိတ်ဌာနချုပ်ကို မေတ္တာရပ်ခံခဲ့ခြင်းဖြစ်ပါသည်။ ပုဂံကို မထိနဲ့တဲ့။ ပညာရှင် အင်္ဂလိပ်က မထိနဲ့ဆိုတော့လည်း ယဉ်ကျေးသူ အင်္ဂလိပ်လက်နက်ကိုင်တွေက မထိကြပါလေခဲ့။

သည်ကျေးဇူးကို ရည်မျှော်ကာ ဆရာမင်းသုဝဏ်က ကဗျာ တစ်ပုဒ်ဖွဲ့ပါသည်။ မြန်မာအမည် ဝေဠု အမည်ခံ ပါမောက္ခ ဒေါက်တာ ဂျီအိပ်ချ်လုစ်၏ ဂုဏ်ကျေးဇူးကို ရည်မျှော်သည့်ကဗျာ ...

## ပုဂံနှင့် ဝေဠု

မြောက်ဘက်တစ်ဝန်း၊ နှင်းတောင်တန်းကို
ဖြတ်သန်းကျူးလာ၊ ခန်းတာတာ၏
မဟာတပ်ကြီး၊ အာရှမီးကို
ကိုယ်ထီးထွက်၍၊ ရင်ဆိုင်တွေ့လျက်
ချမ်းမြေ့မေတ္တာ၊ စကားသာဖြင့်
ဒိသာပြာမုက်၊ ငြိမ်းအေးမှုတ်သော်
လှိုဏ်မုခ်ဂူကျောင်း၊ ဘုရားပေါင်းတို့
နေဟောင်းမပျက်၊ ရပ်တည်လျက်လျှင်
ပြိုးပြက်ရောင်ခြည်၊ ထွန်းလင်းကြည်သည်
ရွှေပြည်ပုဂံ ကပ်ကျော်ခဲ့။

mgyoe.com

mgyoe.com

ငါတို့ခေတ်တွင်၊ စစ်ကြီးကမ္ဘာ
လောင်ကျွမ်းလာ၍၊ ရေမှာ ကုန်းမှာ
ကောင်းကင်မှာဋ္ဌ၊ လွတ်ရာမရှိ
မီးလျှံညိက၊ အမိကိုတ
အဖကိုတမ်း၊ ကိုယ်စိတ်နွမ်း၍
မချမ်းကြည်နိုင်၊ လက်ချမှိုင်စဉ်
မကျွိုင်မေရှ၊ ခံမြို့ပြသို့
ဝေဠုဆရာ၊ တားမြစ်ပါသော်
ပေါက္ကာရာမ၊ ဘေးမခဘဲ
မြန်မာ့ဂုဏ်ရောင်၊ ထွန်းလင်းပြောင်သည်
ငါးထောင်တည်မည့် နိမိတ်တည်း။

ကဗျာ့အဓိပ္ပာယ်က ရှင်းပါသည်။ ပုဂံဘုရင် နရသီဟပတေ့ခေါ် တရုတ်ပြေးမင်းလက်ထက်က တရုတ်တပ် ချီတက်လာသည်ကို ရှင်ဒိသာပါမောက်က ငြိမ်းချမ်းရေး စကားဖြင့် ဟန့်တားပစ်နိုင်ခဲ့၍ ပုဂံဘေးအန္တရာယ်ကင်းခဲ့ရသည်။ မဟာမိတ်တို့၏ စစ်မီးလျှံ ပုဂံကို မလောင်မြိုက်စေဖို့အတွက် G.H. Luce က ကယ်တင်ခဲ့ပါသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ပါးစပ်ရာဇဝင်ထဲမှာ ပါသည့် လှည်းဝင်ရိုးသံတည်းည် (၄၄၄၆၇၃၃) တို့ ဝါဝါဝင်းဝင်း (၄၄၄၄)တို့လောက် စေတီပုထိုး အရေအတွက် မများသော်လည်း ၂၂၁၇ ဟု ရှေးဟောင်းသုတေသနက ရေတွက်ထားသော စေတီပုထိုးတို့ စစ်ဒဏ်မခံရဘဲ ယခုလောက် ကြွင်းကျန်နေခဲ့သည်မှာ G.H. Luce ၏ ကျေးဇူးလည်း ပါဝင်ပါသည်။

ဆရာကြီး ဒေါက်တာသန်းထွန်းကတော့ ပုဂံကိုအသစ်ပြန်ပြင်တာကိုလည်း မကြိုက်၊ အသစ်ထပ်ဆောက်တာကိုလည်း မကြိုက်၊ မူလအတိုင်း ထိန်းသိမ်းထားတာကို ကြိုက်သည်ဟု ဆိုပါသည်။ ကျွန်တော့် မိတ်ဆွေ ပန်းချီဆရာ မောင်ဒီကတော့ နတ်ပြည်အပျက်ကြီးတဲ့။ ထိရောက်လိုက်ပါတဲ့ စကား။ တမာတွေ ထနောင်းတွေက စိုစိုစိမ်းစိမ်း။ မြေနီလမ်းတွေက ကွေ့ကွေ့ကောက်ကောက်။ တောင်တော်ရွှေပုပ္ပား တူရွင်းတောင်တန်းနဲ့ တန့်ကြည့်

mgyoe.com

mgyoe.com


တောင်တန်းကြီးတို့က ဝန်းရံခလို့။ မြစ်မင်းဧရာက တသွင်သွင်။ အညာလေက မှုန်၍နေသောအခါ ဟသ်ာပဒါးရောင် စေတီပုထိုး ဂူကျောင်းဘုရားတွေ၏ ကြားတွင် လျှောက်သွားနေရသည်က နတ်ပြည်အပျက်ကြီးထဲတွင် လျှောက်သွားနေရသည်နှင့် တူလှပါသည်။ သည်လောက်ကြီးကျယ်သည့် အတိတ်၊ သည်လောက် ခမ်းနားသည့် ရာဇဝင်၊ သည်လောက် အနုပညာဆန်သည့် ဟိုးရှေးရှေးတုန်းက၊ သည်လောက် ထွန်းတောက်သည့်မနေ့ကများ။ ကျွန်တော်တို့ ဘယ်သောအခါတွင်မှ ပြန်ရရှိလိမ့်မည်မထင်ပါလေတော့။

ဩော် ... အသက်နှင့်ထပ်တူပါ ပုဂံ။ ။

■

mgyoe.com

mgyoe.com

# ကြေးနီရောင်သမ်းနေတဲ့မြို့

ပုဂံသို့ ကျွန်တော် ရောက်ရောက်သွားခဲ့မိသော အကြိမ်အရေအတွက် ဘယ်နှကြိမ်လောက်ရှိပြီလဲ ဆိုသည်ကို အခုစဉ်းစားကြည့်တော့ ကျွန်တော် ကိုယ်တိုင် မမှတ်မိနိုင်လောက်အောင် အရေအတွက် များပြားခဲ့ပါပြီ။ လွန်ခဲ့သည့် အနှစ် ၃၀ ဝွန်းကျင် ကျွန်တော် ရန်ကုန်တက္ကသိုလ်သို့ရောက်ခါစ ၁၉၇၇ တစ်ဝိုက်လောက်က ပုဂံသို့ ပထမဦးဆုံးအကြိမ် သွားရောက်ဖူးသည်။ လေယာဉ်ခရီး။ အတိအကျ မမှတ်မိတော့သော်လည်း လေယာဉ်စီးခ ငွေကျပ် တစ်ရာစွန်းစွန်း ကလေးဆိုတာကိုတော့ ကျွန်တော့် စိတ်ထဲမှာ စွဲနေမိသည်။ နောက်တော့ ပုဂံဆိုတာ ကျွန်တော့်အတွက် ဒုတိယဇာတိမြေ၊ ပုဂံ ဘုရားများသည် ကျွန်တော့်ဆွေဘုရား မျိုးဘုရား၊ ထနောင်းပင်ရိပ်ကလေး တွေက ကျွန်တော့်ခိုနားရာ၊ မြေနီလမ်းကလေးတွေမှာ ကျွန်တော့်ခြေရာအနံ့ ကား၊ ရထား၊ လေယာဉ်စီးလို့ရတာ အကုန်စီးပြီး သွားလို့ရသမျှသော လမ်းတွေကနေ ကျွန်တော် ပုဂံကိုရောက်ရောက်သွားတတ်ခဲ့ခြင်းဖြစ်ပါသည်။ ပုဂံကို ကျွန်တော် တော်တော် စွဲပါသည်။

တစ်ခါတစ်ခါ အိပ်ချင်စိတ်မရှိသည့် ပုဂံညတွေထဲမှာ ကျောင်းသား

mgyoe.com

mgyoe.com



တစ်ယောက်ယောက်ကို ဆိုင်ကယ်မောင်းခိုင်းပြီး ဘုရားကြို ဘုရားကြား လျှောက်သွားရတာကို ကျွန်တော် ကြိုက်သည်။ တမာနံ့တွေက ည … ညများ ထဲမှာ ပိုလို့ ထုံသင်းနေတတ်ပြီး လရောင်အောက်မှာ ထနောင်းပင်တွေ စိမ်းနေပုံ က ဂမ္ဘီရ ဆန်လွန်းလှသည်။ ဟိုနားဆီက မားခနဲ သည်နားဆီက မတ်ခနဲ တန့်ရပ်နေကြသည့် ဂူဘုရားတွေက မှော်သားတစ်မျိုးဖြင့် ညှို့ငင်နေတတ်ပြီး ဝိညာဉ်တစ်ခုတလေက ကျွန်တော့်ကို စောင့်ကြည့်နေသလိုမျိုး ခံစားရသည်။

တကယ်တော့ ပုဂံက စွဲမက်စရာ မကောင်းလောက်အောင်ကို ပူပါ သည်။ ဂူဘုရားတွေ၊ စေတီပုထိုးတွေ၊ ကျောက်စာ၊ မင်စာ၊ စဉ့်ကွင်းစာ၊ အုတ်ခွက်စာ၊ ရုဗဝင်စာမျက်နှာ ဝါကြန့်ကြန့်တွေ၊ တောင်တော်ရွှေပုပ္ပား၊ တုရင်တောင်တန်း၊ ဧရာဝတီနှင့် တန့်ကြည့်တောင် ဒါတွေ အားလုံးကို ဖယ်ရှား လိုက်လျှင် ပုဂံမှာ ဘာမှ အဓိပ္ပာယ် မရှိတော့။ ပူပြင်းသောအရပ်။ တတ္ထဒေသ။ မြေကြီးက ကြေးနီရောင်သမ်းနေသော အရပ်။ တမ္ဗဒီပ။ ဘယ်ကို ကြည့်လိုက် ကြည့်လိုက် တံလျှပ်တွေထနေသော ပုဂံ။ ဟသာ်ပြဒါးရောင် မြေသားတွေဖြင့် နီရဲနေသော ပုဂံ။

ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ပုဂံ၏ အပူရောင် ရက်စွဲများ အကြောင်းကို ဟိုလူပြော သည်လူပြောနှင့် ပါးစပ်ပြော သဘောတရားတွေ ထဲမှာ နားရည်ဝခဲ့သည်။ ပုဂံဒေသ၌ သစ်တောကြီးများဖြင့် စိမ်းစိမ်းစိုစိုရှိခဲ့ ပုံ၊ ဂူဘုရားများတည်ရန် အုတ်ဖုတ်ဖို့ သစ်ပင်များကို ခုတ်လှဲပစ်ရာမှ အပူပိုင်း ဒေသဖြစ်သွားခဲ့ပုံ စသည့် အကျိုးအကြောင်းတွေပဲ ဖြစ်ပါသည်။ နောက်တော့ ဆရာကြီး ဒေါက်တာ သန်းထွန်း၏ ဆောင်းပါးတွေထဲက ရှင်းပြချက်တွေကို ကျွန်တော် သဘောကျသွားမိသည်။

ဒေါက်တာသန်းထွန်းက ပုဂံဒေသခြောက်ခန်းရခြင်းသည် ရခိုင်ရိုးမ တောင်တန်းကြီးကြောင့်ဟု ဆိုသည်။ အနောက်တောင် မုတ်သုံလေက မိုးကို သယ်လာရာ ရခိုင်ရိုးမက ဟန့်တားထားလိုက်သည်။ ထိုအခါ ရခိုင်ရိုးမ၏ သည်ဘက်မှာက ပုဂံဒေသတွင် မိုးရိပ်ကျသည်၊ ဒါကို Rain Shadow ဟု ဆိုသည် ရခိုင်ရိုးမ၏သက်တမ်းကို ဘူမိဗေဒပညာရှင်တို့က နှစ်ပေါင်းသန်း ၃၀နှင့် ၆၀ အတွင်းဟု ဆိုထားရာ ပုဂံဒေသ မိုးရိပ်ကျခဲ့သည်မှာ ထိုအချိန် နှင့်အမျှပင် ဖြစ်မည်ဟု ခန့်မှန်းကြသည်။ သို့ဖြစ်ရာ ကျွန်တော်ချစ်သော

mgyoe.com

mgyoe.com

ပုဂံ လောလောပူရာဒေသ၊ တတ္ထဒေသ ဖြစ်နေရခြင်းမှာ သစ်တောတွေကို ခုတ်ပစ်လို့ဆိုသော အဆိုမှာ မဖြစ်နိုင်ပါလေတော့။

အုတ်ဖုတ်လို့ဟူသည့် အချက်ကိုလည်း ဆရာကြီး ဒေါက်တာသန်းထွန်းက ငြင်းပါသည်။ ပုဂံဝန်းကျင်တွင် ရှိသော မြေတွေက သဲမြေ၊ ဘယ်လိုမှ အုတ်မလုပ်နိုင်။ ရှေးကအုတ်များတွင်လည်း ယခုခေတ် အုတ်များကဲ့သို့ပင် စာပါလေ့ရှိရာ ထိုစာအထောက်အထားများအရ စလေ၊ စလင်း စသည့်ဒေသများက အုတ်များဖြစ်ကြောင်း တွေ့ခဲ့ရပြီးလှည်း၊ လှေတို့ဖြင့် ပုဂံသို့ သယ်ဆောင်လာခြင်းပင် ဖြစ်ကြောင်း ရှင်းပြချက်ကို ကျွန်တော် ဖတ်ဖူးသည်။

ဘာပဲဖြစ်ဖြစ် ပုဂံ ညောင်ဦး ဒေသတစ်ဝိုက်သည် Dry Zone အပူပိုင်းနယ်မြေ၊ Semi Desert တစ်ပိုင်းတစ်စ သဲကန္တာရ။ ဒါ့ကြောင့် နိုင်ငံရပ်ခြားခရီးသွားတွေက ပုဂံသို့လာဖို့ဆိုလျှင် ဆောင်းရာသီကိုပဲ အရွေးများသည်။ နွေကို သူတို့မကြိုက်၊ ဟိုတယ်နှင့်ခရီးသွားလာရေး လောကမှာ ဆောင်းဆိုသည်က ဧည့်ကျသောကာလ High Season၊ နွေကဧည့်ပါးသောရာသီ Low Season၊ ဒါကြောင့်လားမသိ လွန်ခဲ့သော နွေရာသီက ပုဂံသို့ ကျွန်တော်ရောက်သွားရာ မီးစက်မောင်းမပေးနိုင်သည့် ဟိုတယ် အသေးကလေးတွေမှာ တည်းခိုသူ တစ်ယောက်တလေမှကိုမရှိ။ သံတဲလို ဟိုတယ်ကြီးတွေမှာကတော့ ၂၄ နာရီ မီးရအောင် စီစဉ်ပေးထားနိုင်သဖြင့် ဧည့်သည် အတန်အသင့်ရှိသည်။ သို့သော် ခပ်ကျဲကျဲ ခပ်ပါးပါး။

"ဧည့်သည်ပါးတယ်ဗျ။ ဒါပေမဲ့ လုံးဝမရှိတော့တာလည်း မဟုတ်ဘူးပေါ့၊ မိုးတွင်းလို အချိန်မျိုးမှာတောင် စပိန်တွေ အုပ်လိုက်ရောက်လာတတ်တဲ့ ဥစ္စာ သူတို့ဆီက အားလပ်ရက် (Vacation) က ကျွန်တော်တို့ မိုးနဲ့သွားဆုံနေတာကိုး"

ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သူတစ်ယောက်က ကျွန်တော့်ကို အခုလိုရှင်းပြသည်။ ဟုတ်ပါသည်။ ဧည့်ပါးသည့် နွေခေါင်ခေါင်ကြီးမှာပင် ဧည့်သည်တစ်ယောက်စ နှစ်ယောက်စကိုတော့ တွေ့နေရသည်။ အပေါ်ပိုင်းကို ဗလာကျင်းထားသော Quarter ဘောင်းဘီဝတ် နိုင်ငံခြားသား တစ်ယောက်က သူ့လက်ထဲက အင်္ကျီကိုဝှေ့ယမ်းပြကာ ကျွန်တော်တို့ကို နှုတ်ဆက်နေပါသေးသည်။

mgyoe.com

mgyoe.com



mgyoe.com

(၂)

ပုဂံအကြောင်းကို ပထမဦးဆုံးရေးသည့် ဥရောပတိုက်သားမှာ မာကိုပိုလို (၁၂၅၄-၁၃၂၄) ဖြစ်နိုင်စရာ အကြောင်းရှိသည်ဟု Pagan စာအုပ်ကို ရေးသော Paul Strachan က ဆိုသည်။ ၁၂၉၈ တွင် ဂျီနိုဝါ အကျဉ်းထောင်ထဲ၌ အကျဉ်းကျနေစဉ် ရေးခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။ ၁၃ ရာစု နှောင်းပိုင်း၌ မောင်းဂွတ်ဘုရင် ကူဗလိုင်ခန်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာခဲ့ရသည့် အတွေ့အကြုံကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်ဟုဆိုပါသည်။

ဆယ့်ငါးရက်ခရီးအကုန်တွင် ကြီးကျယ်ခမ်းနားသည့် မီယန် (မြန်မာ) မြို့တော်ကြီးတစ်ခုကို တွေ့ခဲ့ရကြောင်း၊ ဘုရင်စိုးစံသည့် နေပြည်တော်ဖြစ်ပြီး မြို့သူမြို့သားတို့က ရုပ်ပွားဆင်းတုတော်ကို ကိုးကွယ်သူများ ဖြစ်ကြကြောင်းနှင့် ကိုယ်ပိုင်ဘာသာစကားကို ပြောဆိုကြကြောင်း စသည်တို့ကို မာကိုပိုလို က မှတ်တမ်းတင်ခဲ့သည်ဟု ဆိုပါ၏။ သို့သော် စာရေးသူ Paul Strachan က မာကိုပိုလိုသည် ပုဂံသို့ ကိုယ်တိုင်ကိုယ်ကျရောက်ခဲ့ပုံ မရကြောင်း၊ ၁၂၈၃ ခုနှစ်၊ ဒီဇင်ဘာလထဲတွင် မြန်မာနှင့် မောင်းဂွတ်တို့ စစ်မက်ဖြစ်ပွားခဲ့ကြသည့် ငဆောင်ချမ်း အရပ်သို့သာ ရောက်ခဲ့ခြင်းဖြစ်ကြောင်းတို့ကိုလည်း စာရေးသူ Paul Strachan က သူ၏ Pagan ထဲတွင်တို့ထိဖော်ပြထားခဲ့ပါသေးသည်။

နောက်တော့ ၁၇၉၅ တွင် အိန္ဒိယဘုရင်ခံချုပ်၏ သံတမန်မိုက်ကယ်ဆိုင်းအင်းဝရွှေနန်းသို့လာသည်။ ပုဂံကို ဧရာဝတီမြစ်နံဘေးမှ ဖြတ်သန်းသွားခဲ့ပြီး တစ်ချိန်က ခမ်းနားခဲ့သော မြို့အဖြစ် သာမန်သာ မှတ်တမ်းတင် သွားခဲ့သည်။

ထို့နောက် ၁၈၂၆။ ပထမ အင်္ဂလိပ် - မြန်မာစစ်ပွဲ၏ နောက်ဆုံးတိုက်ပွဲများကို ပုဂံအနီး၌ တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ရာ ဗိုလ်မှူးကြီး ဟက်ဗလော့က သူ့ပုဂံ ခံစားမှုကို မှတ်တမ်းတင်သည်။ ခြောက်သွေ့သော အုံ့ဆိုင်းမှုတဲ့။ မြတ်နိုးလေးစားစရာ၊ ကြည်ညိုစရာဘာမျှမရှိတဲ့၊ အာရုံကို နှိုးဆွပေးတာလည်း မရှိတဲ့၊ သူ့အဆိုကို ပုဂံချစ်သူ ကျွန်တော်က ဘဝင်မကျလှ။

ဂျွန်ကရောဖွတ်ကတော့ ၁၈၂၇ သူ၏ ခရီးသွားမှတ်တမ်းတွင် ပုဂံသည်
mgyoe.com

mgyoe.com


ကျယ်ပြန့်ခမ်းနားပြီး မြန်မာဟူသည် အတော်အတန် ယဉ်ကျေးသောလူမျိုးဟု ယေဘုယျ မှတ်တမ်းတင်သည်။

နောက်တော့ ဗိုလ်ကြီးဘာနေက ၁၈၃၅ တွင် ပုဂံဟူသည် စေတီပုထိုးတို့ကို ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်ရာအဖြစ် မှတ်တမ်းတင်သည်။

၁၈၅၂ အင်္ဂလိပ် – မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် ဘုရင်ခံချုပ် ဖယ်ယာ၏ အတွင်းဝန်အဖြစ် အင်းဝသို့သွားသော စကော့လူမျိုး ဟင်နရီယူးလ်က ဖယ်ယာနှင့်အတူ ပုဂံသို့တက်ကာ ပုဂံ၏အရေးကြီးပုံကို သတိပြု မှတ်တမ်းတင်ခဲ့သည်။ ဟင်နရီယူးလ်က စစ်တပ်အင်ဂျင်နီယာ တစ်ဦးပီပီ စေတီပုထိုးတို့ကို တိုင်းထွာ မှတ်သားသည်။ သူနှင့်အတူပါလာသော ဗိုလ်ကြီးလင်းနားအီယက်ထရိုက်က ပေါ်ကာစ ကင်မရာတစ်လုံးဖြင့် ပုဂံမြင်ကွင်းတွေကို ပထမဦးဆုံးအကြိမ် ဓာတ်ပုံရိုက်ယူခဲ့သည်ဟု ဆိုသည်။ ထို့ပြင် သူတို့အဖွဲ့၌ ပုံဆွဲဆရာ ဂါးလ်စ်ဂါသီဂရန့်ဆိုသူလည်း ပါလာခဲ့သေးရာ သူက ပန်းချီပုံကြမ်းများဖြင့် ပုဂံကို ရေးဆွဲမှတ်တမ်းတင်ခဲ့သည်ဟု ဆိုပါသည်။ ဟင်နရီယူးလ်က သူ၏ ၁၈၅၇ ခုနှစ် အင်းဝရွှေနန်းရောက် သံအဖွဲ့ မှတ်တမ်းထဲတွင် ပုဂံက သူတို့အားလုံးကို အံ့အားသင့်စေကြောင်း၊ ပုဂံတွင် အရေးကြီးပြီး စိတ်ဝင်စားစရာကောင်းသည့် အဆောက်အဦတို့ရှိကြောင်း မှတ်တမ်းတင်ထားခဲ့သည်။ ဟင်နရီယူးလ်သည် ပုံကြမ်းများ၊ ဓာတ်ပုံများ၊ မှတ်တမ်းများဖြင့် ပုဂံကို ကမ္ဘာနှင့် ပထမဦးဆုံး မိတ်ဆက်ပေးခဲ့သူလည်း ဆိုပါသည်။

အခုတော့ ပုဂံဆိုသည်မှာ ကမ္ဘာသိ။ မြန်မာနိုင်ငံသို့ ရောက်လာသည့် နိုင်ငံခြားသားတိုင်းက သူတို့၏ ခရီးစဉ်ထဲမှာ ပထမဦးစားပေးက ပုဂံပဲဖြစ်သည်။ ညဉ့်နက်သန်းခေါင် မြင်းလှည်းကလေးတစ်စီးဖြင့် ပုဂံမြို့ဟောင်းထဲတွင် ဖြတ်သွားနေသော၊ စက်ဘီးကလေးတစ်စီးကို ထနောင်းပင်ခြေရင်းတွင် အသာအယာ ထောင်ထားပြီးနောက် ခြေပစ်လက်ပစ် ထိုင်ချကာ ပုဂံလမ်းညွှန်စာအုပ်ကို ဖတ်နေသော၊ ဘုရားတစ်ဆူဆူပေါ်သို့ တက်ကာ ဧရာဝတီမြစ်ကြီး၊ တန့်ကြည့်တောင်တန်း ဝင်လုဆဲဆဲ နေလုံးကြီးနှင့် ပုဂံရှုခင်းကို မှတ်တမ်းတင်ဗီဒီယိုရိုက်ယူနေသော၊ညောင်ဦးဈေးထဲက ရိုးရာအဝတ်အစား အသုံးအဆောင်ပစ္စည်းဆိုင်ကလေးတွေ ရှေ့မှာ ခြေချင်းလိမ်နေသော နိုင်ငံတကာ ခရီးသွားဧည့်သည်တွေကို ပုဂံမှာ မမြင်ချင်အဆုံး။

mgyoe.com

mgyoe.com

ညည့်သည်နှင့်အတူ အသက်ရှင်ရသော မြို့ကလေးဖြစ်သည့်အတွက် ပုဂံကနေရာတိုင်းမှာ နွေးထွေးသည်။ လှိုက်လှဲသည်။ ပျူငှာသည်။ ပြေပြစ်သည်။ လူတိုင်းကို ကူညီဖို့ အဆင်သင့်။ လမ်းညွှန်ဖို့ အဆင်သင့်။ ဝန်ဆောင်မှုပေးဖို့ အမြဲတမ်း ရပ်စောင့်နေတတ်သော ပုဂံ။ အသင့်အနေအထားပုဂံ။

■

mgyoe.com

mgyoe.com

# ခြောက်သွေ့သော အံ့ဩမှုထဲက ဆိတ်တစ်ဖက်၊ နွားတစ်ဖက်

(တစ်)

ပုဂံ၏ ဟိုးအတိတ်က စာမျက်နှာတွေထဲမှာ ဂမ္ဘီရဆန်သော သို့မဟုတ် မှော်နံ့သင်းသော ဇာတ်လမ်းတွေက အများအပြားပင် ဖြစ်ပါသည်။ သမိုင်းပညာရှင်တို့ ဘယ်လိုမှ လက်မခံနိုင်သော ဇာတ်လမ်းတွေထဲမှာ ရှင်အဓ္ဓဂေါဏဟူသည့် နွားတစ်ဖက်၊ဆိတ်တစ်ဖက် မျက်လုံးပိုင်ရှင် ရဟန်းတစ်ပါး၏ ဇာတ်လမ်းကလည်း အပါအဝင်ဖြစ်ပါသည်။ ပုဂံကို ဥစ္စာစောင့်တို့၏ နိုင်ငံတော်အဖြစ်သို့ နေ့ချင်း၊ ညချင်း ခုန်ကူးရောက်ရှိသွားအောင် လုပ်ဆောင်ပေးလိုက်သူမှာ ထိုရှင်အဓ္ဓဂေါဏဟု ဆိုသည်မဟုတ်ပါလော။

'ဆင်းရဲခြင်း လွတ်ကင်းအောင်
လမ်းပြဆောင်ပါမည်...
ရတနာခုနစ်သွယ် တကယ်ပင်
စုံညီ...တို့ အမျိုးသားတိုင်းပြည်
မွဲတဲ့လူ...လှူဒါန်းနိုင်မည်

mgyoe.com

mgyoe.com


ကျောင်းဆောက်ကာ ဘုရားတည်
ဘိုးဘိုးအောင်နဲ့
ရှင်အဇ္ဇဂေါဏတို့ မတွေ့ကိန်းဆိုက်ပြီ'

ဆရာမွေ့တိုင်ညွှန့်၏ နာမည်ကျော် နဂါးနီသီချင်း တစ်ပိုင်းတစ်စ ပင် ဖြစ်ပါသည်။ ကျွန်တော်တို့၏ လွှပ်လပ်ရေးကြိုးပမ်းစဉ် နေ့ရက်များ အတွင်း ၁၉၃၇ ခုနှစ်၌ နဂါးနီစာအုပ်အသင်းကို တည်ထောင်ခဲ့ကြဖူးပါသည်။ မြန်မာတို့၏ အမျိုးသားစိတ်ဓာတ်များ နိုးကြွလာစေရန် တိုးတက်သည့် ဆိုရှယ်လစ် စာပေအယူအဆများ ပျံ့နှံ့လာစေရန်ဟူသော ရည်ရွယ်ချက်များ ဖြင့် နဂါးနီဂျာနယ်နှင့်တကွ ဆိုရှယ်လစ်ဝါဒ၊ ဓနရှင်ဝါဒ၊ ဒေါက်တာ ဂျိုဆေ ရီဇော်၊ အိုင်းရစ်အရေးတော်ပုံ၊ ကျွန်ုပ်နှင့် မိုက်ကယ်ကောလင်း၊ လူမွဲတို့၏ ထွက်ရပ်လမ်း၊ ကျောင်းသားအရေးတော်ပုံ၊ အလုပ်သမားလောက စသည် စသည်ဖြင့် စာအုပ်ပေါင်းများစွာကို ထုတ်ဝေခဲ့သော စာအုပ်အသင်း တစ်ခု လည်း ဖြစ်ပါသည်။ မြန်မာပြည် ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ချက်နှင့် ထူထောင်လိုက်သည့် စာအုပ်အသင်းဖြစ်ရာ ထိုစာအုပ်တိုက်၏ လမ်းစဉ်ကို မွေ့တိုင်ညွှန့်က သီချင်းဖွဲ့ဆိုထားခြင်း ဖြစ်သဖြင့် ရှားပါးသည့် သီချင်း အမျိုး အစားတစ်ပုဒ်ဟုလည်း ဆိုနိုင်ပါသည်။ မြန်မာတို့ ဆင်းရဲခြင်းက လွတ်ကင်း အောင် နဂါးနီ စာအုပ်အသင်းက လမ်းပြလေမတဲ့။ ဘိုးဘိုးအောင် တို့ ရှင်အဇ္ဇ ဂေါဏတို့ မသလို မြန်မာပြည်ကို ကြီးပွားချမ်းသာစေမတဲ့။ ရှင်အဇ္ဇဂေါဏ။ ပုဂံကို ကြွယ်ပုပ်ကြွယ်စပ် ဖြစ်စေခဲ့သည်ဆိုသော ရှင်အဇ္ဇ ဂေါဏ။ စိတ်ကူးနှင့် ဝင်းလက်တောက်ပခဲ့သော နေ့ရက်များ။

(နှစ်)

ရှင်အဇ္ဇဂေါဏဟူသော အမည်ဖြင့် ဘုရားတစ်ဆူရှိပါသည်။ တက်နွယ်ချောင်း၏ မြောက်ဘက်ကဘုရား။ ကျွန်တော်၏ ဖြတ်သွားဖြတ် လာ ပုဂံနေ့ရက်များအတွင်းမှာသည် ဘုရားနားက ဖြတ်ရတိုင်း ပုဂံကို ကြွယ် ဝစေခဲ့သည် ဆိုသည့် နဂါးနီသီချင်းထဲက ရှင်အဇ္ဇဂေါဏကို အမှတ်ရမိ သည်။ သို့သော် ဘာမှမဆိုင်။

mgyoe.com

mgyoe.com

ဆရာတော် ရွှေကိုင်းသားက သူ၏ ပုဂံသွား မှတ်တမ်းစာအုပ်တစ်နေရာမှာ သေဥ်လည်ကြောင် မင်းလက်ထက်က ပုဂံကို ရွှေမိုး၊ ငွေမိုးရွာစေခဲ့သည်ဆိုသော ရှင်အဇ္ဇဂေါဏနှင့် သည်ရှင်အဇ္ဇဂေါဏ မဆိုင်ကြောင်း၊ သည်ဘုရားကျောင်း ကျောက်စာတစ်နေရာ၌ ရဟန်းတို့အတွက် အရက်နှင့် သားအမဲ နေ့ညမပြတ် လှူဒါန်းရသည်ဟု ပါသဖြင့် အရည်းရဟန်းတို့ ဖြစ်နိုင်ကြောင်း မှတ်တမ်းရေးသား သွားခဲ့ဖူးပါသည်။

သီချင်းထဲက ရှင်အဇ္ဇဂေါဏဆိုတာ သေဥ်လည်ကြောင်မင်း လက်ထက်ကတဲ့။ သေဥ်လည်ကြောင်မင်းဆိုတာကလည်း အနော်ရထာ့အရင် မြန်မာနိုင်ငံက ဘုရင်တစ်ပါး၏အမည်။ သမိုင်းပညာရှင်တို့ အကိုးအထောက် မလုပ်သည့် ဘုရင်တစ်ပါး။

ဆရာကြီး ဒေါက်တာထင်အောင်ကတော့ သူ၏ Folk Elements in Burmese Buddhism ထဲမှာ ရှင်အဇ္ဇဂေါဏကို the monk Master Goat - Bull ဟုသုံးကာ AD 1056 မတိုင်မီ ဇာတ်အဖြစ် ထည့်ရေးထားခဲ့တာကို ကျွန်တော် အမှတ်ရမိသည်။

ဟိုးရှေးရှေးက ပုဂံဟာ ဆင်းရဲပါသတဲ့။ သည် ပုဂံမှာ ဖိုထိုးနေသည့် ရဟန်းတစ်ပါးလည်း ရှိပါသတဲ့။ သူ့ဖိုထိုးသည့် ကုန်ကျငွေကို မင်းနှင့်တကွ ပြည်သူတို့က အကုန်အကျ ခံကြရသည်။ ကြာတော့ မအောင်မြင်သော စမ်းသပ်မှုများအတွက် ရဟန်းကို လူထုက စိတ်ပျက်လာသည်။ သို့ဖြင့် နောက်ဆုံးစမ်းသပ်မှုတစ်ခုတွင်ကား ချေးရေ (မစင်ရေ)ထဲ၌ စိမ်ပါဟူသည့် အညွှန်းစာကို ချဉ်ရည်ထဲ၌ စိမ်ပါဟု တပည့်ကိုရင်ငယ်က မှားယွင်းဖတ်ရှုခဲ့သည့် အတွက် ပြဒါးရှင်လုံးကို ချဉ်ရည်ထဲ၌ စိမ်ခဲ့ရာ စမ်းသပ်မှုမအောင်မြင်ဖြစ်ကာ ပုဂံလူထုက အုံကြွလာခဲ့သည်။ ဤတွင် ရဟန်းက မိမိကိုယ်မိမိ ပြစ်ဒဏ်ပေးသည့်အနေနှင့် မျက်စိနှစ်လုံးကို ဖောက်ထုတ်ပစ်လိုက်သည်။

တစ်ညတွင်ကား ဖိုဘေး၌ စိတ်ပျက်လက်ပျက် ထိုင်နေစဉ် မျက်မမြင်ရဟန်းက တပည့် ကိုရင်ငယ်အား လုံထဲက ပြဒါးရှင်လုံးကို အိမ်သာတွင်းထဲ လွှင့်ပစ်ခိုင်းလိုက်သည်။ သည်မှာတွင် ချေးရေ (မစင်ရေ) စိမ်ပါဆိုသည့် အညွှန်းနှင့် တည့်တည့်တိုးကာ ပြဒါးရှင်လုံးဝင်းဝင်း တောက်လျှက် အောင်မြင်မှုကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

ရဟန်းက ပြဒါးရှင်လုံးကို ပြန်ကောက်ယူစေသည်။ နံနက်လင်းသည်နှင့် ပုဂံဈေးထဲကရရာ တိရစ္ဆာန် မျက်လုံးတစ်စုံကို ဝယ်ခိုင်းသည်။ သို့သော် ဆိတ်မျက်စိတစ်လုံးနှင့် နွားမျက်စိတစ်လုံးကိုသာ ဝယ်ယူရရှိခဲ့ရာ ရရာကိုသာ ပြန်လည် တပ်ဆင်ခဲ့ရသဖြင့် မျက်လုံးက ဆိတ်တစ်ဖက်၊ နွားတစ်ဖက်ဖြစ်နေ ခဲ့ရသည်။ သည်မှာတွင် သူ့အမည် ရှင်အဇ္ဇဂေါဏ။ အဇ္ဇကဆိတ်။ ဂေါဏကနွား။

ရှင်အဇ္ဇဂေါဏက မင်းနှင့်တကွ ပြည်သူများအား ရတတ်သမျှသော သံ၊ ကြေးစသည်တို့ကို အရည်ကျိုကာ အိမ်ရှေ့ကနေကိုယ်စီ စောင့်ကြဖို့ ကြေညာပါသည်။ ထို့နောက် နန်းတော်နှင့်တကွ အိမ်တိုင်းဆီသို့ အရောက် သွားကာ ပြဒါးရှင်လုံးကို ကျရောက်ထိတွေ့စေခြင်းဖြင့် အားလုံးကို ရွှေဖြစ်သွားစေသည်။ ပြဒါးရှင်လုံးကလည်း အကြိမ်တိုင်းတွင် ရဟန်း၏ လက်ထဲသို့ ပြန်ဝင်သည်။ နောက်တော့ ပုဂံတစ်နိုင်ငံလုံး ရွှေအတိ၊ မုဆိုးမကပင်လျှင် ဘုရားတည်နိုင်သဖြင့် ပုဂံမှာဘုရားတွေ လက်ညှိုးထိုး၍ မလွဲအောင်ရှိနေရကြောင်း Folk Elements ထဲမှာ ဒေါက်တာထင်အောင်က ထည့်ရေးသည်။ ကျွန်တော်တို့ ငယ်ငယ်ကတော့ ဒါတွေကို ပါးစပ်ကို ပါးစပ်ချင်း လက်ဆင့်ကမ်းကာ လူကြီးတွေ၏ အိပ်ရာဝင် ပုံပြင်အဖြစ် ကြားခဲ့ရခြင်းဖြစ်ရာ ရှင်အဇ္ဇဂေါဏကို တမ်းတမိခဲ့တာလည်း အမှန်ပင် ဖြစ်ပါသည်။ ရှင်အဇ္ဇဂေါဏ ရောက်လာရင် ချမ်းသာမှာပေါ့ဆိုသည့် အရွယ်မတိုင်မီက အတွေး။ ခုတော့။

ဩော် ... ရှင်အဇ္ဇဂေါဏ။ ဆရာကြီး ဒေါက်တာ ထင်အောင်ရဲ့ The monk Master Goat-Bull။ ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်ပါတော့တဲ့လား။

(သုံး)

ခရစ်၉ ရာစုမှ ၁၃ ရာစုအထိ အနှစ် ၄၀၀ ကျော် ပုဂံခေတ်ကြီးအတွင်း တည်ခဲ့သော ဘုရားများဖြစ်၍ အရေအတွက် များပြားလှသည် မှန်သော်လည်း လှည်းဝင်ရိုးသံ တည်ညံ့ဟူသည့် စကားအတိုင်း ၄၄၄၆၇၃၃ ဆူတော့ကား မဟုတ်။ ကမ်းပြို၍ ရေဆင်းသွားသည့် ဘုရားမှာလည်း ၄၄၄၄ ဆူမဟုတ်။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

ရှေးဟောင်းသုတေသန၏ ရေတွက်မှုအရ ၂၂၁၇ ဆူသာရှိကြောင်း ဆရာကြီး ဒေါက်တာသန်းထွန်းက ဆိုပြီးဖြစ်ပါသည်။ ထိုစဉ်က ပုဂံ၏စီးပွားရေးကောင်းမွန်သောကြောင့် ခုလိုဘုရားတွေ တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်းကိုကား ဆရာကြီး ဒေါက်တာ သန်းထွန်းက လက်ခံပါသည်။ ရှင်အဇ္ဇဂေါဏကြောင့်တော့ မဟုတ်။

ဩော် ပုဂံ၊ ပုဂံ။
ခြောက်သွေ့သော အုံ့ညြဂူထဲက ပုဂံ။
ကြေးနီရောင်သမ်းနေသော ပုဂံ။
စေတီတွေ ပုထိုးတွေ ဂူဘုရားတွေက ဖူးမြော်လို့
မဝနိုင်ပါလေတော့ ...

■

mgyoe.com

mgyoe.com

# ပုဂံခေတ်က လူဖြစ်ဆန်းဆန်း

## (တစ်)

ကျွန်တော့် မိတ်ဆွေ ကဗျာဆရာ ကိုဇေယျာလင်း ဘာသာပြန် ဆိုသည့် ကဗျာကလေးတစ်ပုဒ် ကျွန်တော့်မှတ်စု စာအုပ်ထဲ၌ ရေးကူးထား တာကလေးကို အမှတ်ရမိပါသည်။ ကဗျာက ဂျပန်ကဗျာ ဖြစ်ပါသည်။ ကဗျာဆရာက ရှွန်တာရို တာနီကာဝါ (shuntaro Tanikawa)။ ကဗျာ ခေါင်းစဉ်က ကြီးထွားလာခြင်းတဲ့။

အသက်သုံးနှစ်တုန်းက
ငါ့မှာ အတိတ် မရှိခဲ့ဘူး။
အသက် ငါးနှစ်မှာ
ငါ့အတိတ်က မနေ့ကပဲ။
အသက်ခုနှစ်နှစ်မှာ
ငါ့အတိတ်ဟာ
ရှေးသူ့ရဲ့ကောင်းတွေရဲ့ခေတ်။

mgyoe.com

mgyoe.com

အသက်ဆယ့်တစ်နှစ်မှာ
ငါ့အတိတ်ဟာ
ဒိုင်နိုဆောတွေဆီ။
အသက်ဆယ့်လေးမှာ
ငါ့အတိတ်ဟာ
ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တွေထဲမှာ။
အသက်ဆယ့်ခြောက်မှာ
အတိတ်ရဲ့
အကန့်အသတ်မဲ့ခြင်းက
ငါ့ကို တုန်လှုပ်
ချောက်ချား စေခဲ့တယ်။
အသက်ဆယ့်ရှစ်နှစ်မှာ
အချိန်ကာလဆိုတာ ဘာလဲ
ငါမသိတော့ဘူး။

ကဗျာကလေးက ချစ်စရာကောင်းလိုက်တာ။ လူငယ်တစ်ယောက် လူလားမြောက်လာပုံကို ရေးဖွဲ့ထားသည့်ကဗျာ။ မနေ့က အကြောင်းကို ပြန်စဉ်းစားတော့ သူရဲကောင်းတွေ ဒိုင်နိုဆောတွေ ကျောင်းစာအုပ်ထဲကသမိုင်းတွေတဲ့။ ကျွန်တော်တို့၏ ငယ်ဘဝများကို ပြန်စဉ်းစားတော့လည်း ကျွန်တော်တို့အတိတ်ကို သတိရပုံကသည်အတိုင်းပဲ ဖြစ်ပါသည်။ ထူးထူး ခြားခြား ဆန်းဆန်းကြယ်ကြယ် ကိစ္စမှန်သမျှ ကျွန်တော်တို့ စိတ်ဝင်စားကြသည်။ နတ်တွေ၊သိကြားတွေ မှော်ဆရာကြီးတွေ ဂြိုလ်သားတွေ ဘာမှန်းမသိသည့် ဧရာမသတ္တဝါကြီးတွေ။ ပြီးတော့ သူရဲကောင်းတွေ။ မှန်ပါသည်။ အရွယ်မတိုင်မီ နေ့ရက်များအတွက် သမိုင်းဆိုတာက သူရဲကောင်းတို့၏ မဖြစ်နိုင်သော စွန့်စားခန်းများသာ။

ပုဂံခေတ်ဦးက ပျူစောထီး ဆိုသည်ကလည်း သည်လို သူရဲကောင်းတွေထဲက သဘာဝယုတ္တိမတန်သည့် သူရဲကောင်း တစ်ယောက်ပဲဖြစ်ပါလေသည်။

mgyoe.com

mgyoe.com


(နှစ်)

နှစ်တိုင်း နှစ်စဉ် ကျွန်တော်မရောက်ဘဲ မနေသောမြို့က ပုဂံညောင်ဦးပဲဖြစ်ပါသည်။ နွေချင်နွေ မိုးချင်မိုး ဆောင်းချင်ဆောင်း စိတ်ကူးပေါက်လျှင်ပေါက်သလို ထိုရှေးဟောင်းယဉ်ကျေးမှုမြို့တော်ကြီးသို့ ကျွန်တော်ရောက်ရောက်သွားတတ်ပါသည်။

ထနောင်းရွက်သုပ်ကို ထိုဒေသ၌ စားခဲ့ရခြင်းဖြစ်ပါ၏။ မြူရွက်သုပ်ကို ထိုဒေသ၌ စားခဲ့ရခြင်းဖြစ်ပါ၏။ ညောင်ရွက်သုပ်ကို ထိုဒေသ၌ စားခဲ့ရခြင်းဖြစ်ပါ၏။ ရေနွေးကို ဆားထည့်၍ဖြော်ကာ မြေပဲဆန်ကလေးထောင်းထည့်၊ ဆီချက်ကလေးဝါဝါ ပဲမှုန့်ကလေးထွေးထွေးနှင့် သုပ်ထားသောသည်အသုပ်ကလေးတွေက လျှာထဲမှာ ဆိမ့်၍နေပါသည်။ မလွှရွက် ကတော့ နည်းနည်းကလေးခါးသက်သက်ဖြစ်ရာ ခံတွင်းကို ရှင်းစေသော အရွက်မို့ ကျွန်တော်က ပိုသဘောကျမိသည်။ ပုဂံညောင်ဦး တစ်ဝိုက်က အသုပ်ဆိုင်ကလေး တချို့မှာ သည်အသုပ်ကလေးတွေ ရတတ်ပါသည်။

ထို့နောက် နာမည်ကျော်သည်က ပဲချောင်း။ ကုလားပဲအစစ်နှင့် ထန်းလျက်နှင့်လုပ်ထားသည်မို့ တကယ်အရသာရှိသော ပဲချောင်း။ ညောင်ဦးဘက်ကနေ ပုဂံသို့ လမ်းဟောင်းအတိုင်း လာသောအခါ ရွှေစည်းခုံကိုလွန်သည်နှင့် ဝက်ကြီးအင်းကို ရောက်ပါသည်။ ထိုဝက်ကြီးအင်း တစ်ဝိုက်၌ မြန်မာဆန်သည့် စားသောက်ဆိုင်ကလေးများ ရှိပါသည်။ ပဲချောင်းဆိုင်လည်း ရှိပါသည်။

ဝက်ကြီးအင်းအနား၌ ကတ္တရာလမ်းက အနည်းငယ်နိမ့်ဆင်းသွားရာ ညာဘက်သို့လှမ်းမျှော်ကြည့်လျှင် ဧရာဝတီ၏ အရိပ်ကို မသဲမကွဲလှမ်းမြင်နိုင်ပါသည်။ မိုးတွင်းဆိုလျှင်တော့ ဧရာဝတီရေစပ်စပ်က ဝက်ကြီးအင်းနှုတ်ခမ်းသားကိုလာရောက်ပွတ်သပ်စမြဲ။

ဩော် ... ဝက်ကြီးအင်းတဲ့။ သူ့ရဲကောင်းပျူစောထီး ဝက်ကြီးကို နှိမ်နင်းခဲ့ရာ အင်းဟု ဆိုပါ့လား။ ရာဇဝင်ဆရာဦးကုလားက တူရွင်းတောင်ခြေတွင် မြင်းရေးပြခဲ့သော အလောင်းစည်သူကို သာမန်လူမဟုတ် လူဖြစ်ဆန်းဟု သုံးနှုန်းခဲ့ပေရာ ပျူစောထီးကလည်း လူဖြစ်ဆန်းပင်ဖြစ်ပါလေသည်။ လူဖြစ်ဆန်း သို့မဟုတ် သဘာဝလွန်ဇာတ်ကောင် သို့မဟုတ် ဒဏ္ဍာရီထဲက

mgyoe.com

mgyoe.com

သူ့ရဲ့ကောင်း။

ပျူစောထီး ဆိုသည်မှာ နေနတ်သားနှင့် နဂါးမတို့၏သားဟု ရာဇဝင်အများစုက ဖော်ပြကြမြဲဖြစ်ပါသည်။


ကာလနဂါးကြီး၏သားက နဂါးကြောင်တဲ့။ နဂါးကြောင်၏ သမီးက ဇံသီးတဲ့။ ထိုနဂါးမ ဇံသီးက သီလဆောက်တည်လိုသဖြင့် လူပြည်သို့သွားရာ မလည်အရပ်ရှိ သောင်ယံ၌ နေနတ်သားနှင့် သံဝါသပြုပြီး ကိုယ်ဝန်ရှိရာ နေနတ်သားက ပတ္တမြားတစ်လုံးကို အဝတ်နှင့်ထုပ်လျက် ကျီးဖြူငှက်အား ပေးခိုင်းလိုက်သည်ဟု ဆိုပါသည်။ သို့ဖြင့် ကျီးဖြူငှက် ပျံသန်းလာရင်း ကုန်သည်တစ်စုတို့ ထမင်းစားနေသည်ကိုမြင်သော် ပတ္တမြားအထုပ်ကို သစ်ပင်ခွကြား၌ထားကာ ကုန်သည်တို့စွန့်ပစ်သည့် အစာအကြွင်းအကျန်များကို စားရင်းနေခိုက် ကုန်သည်သူကြီးက သစ်ပင်ခွ ကြားရှိ ပတ္တမြားထုပ်ကိုမြင်ကာ အသာယူပြီး ပတ္တမြားနှင့် လူ့မစင်ခြောက်ကို လဲထားလိုက်သည်။ ကျီးဖြူက အစားအသောက်ကိစ္စပြီးသည်နှင့် အထုပ် ကိုချီ၍ နဂါးမဆီသို့ပျံရာ နဂါးမချေးခြောက်ကို တွေ့ပြီး ဝမ်းနည်းသွားကာ တောင်စောင်းတစ်နေရာ၌ ဥအုပြီး အဝေးသို့ထွက်သွားပါတော့သည်။

ငင်းဥကို မုဆိုးက သိကြားမင်း အလိုအရတွေ့သည်။ ထိုနောက် မိုးသက်မုန်တိုင်းများကျရောက်လာရာ မုဆိုးက ဥကိုယူ၍ ပြေးစဉ် မိုးကုတ်ကြပ်ပြင်အရောက်၌ လွတ်ကျပြီးဥကွဲရာ ဥအဖြူတစ်လုံး ဥအညိုတစ်လုံး ထွက်လာသည်။ ဥအညိုကား မုဆိုးလက်မှ လွတ်၍ ချောင်းရေစီးနှင့်ပါကာ တကောင်းသို့အရောက် မိန်းမအဖြစ်မွေးလာပြီး ကြီးသော် တကောင်းဘုရင်၏ မိဖုရားဖြစ်သွားသည်။ ဥအဖြူကမူ ဧရာဝတီမြစ်ကြီးအတိုင်း မျောပါသွားပြီးနောက် ညောင်ဦးသို့ ရောက်သော် ပျူအိုလင်မယားက ကောက်ယူထားရာက ပျူစောထီးဟူ၍ မွေးဖွားလာသည်ဟု ဆိုပါသည်။

ပျူစောထီးကို ဆရာ ရသေ့က အဋ္ဌာရသ ၁၈ ရပ်သင်ပေးသည်။ ပျူစောထီး ၁၆ နှစ်ပြည့်သော် ဖခင်နေမင်းသားက ရန်အပေါင်းကို ခွင်းနိုင်သည့် လေးနှင့် မြားကို အပ်နှင်းသည်။

ပျူစောထီးက လေးနှင့်မြားကို စမ်းရန် တောသို့ဝင်ရန်ပြင်ပါသည်။ သူဝင်မည့်တောဆိုသည်မှာ သမုဒ္ဒရာဇ်မင်းက ယုန်လွတ်ကျွန်းအရပ်တွင် ရွာ

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

၁၉ ရွာကို စုစည်းပြီး ပုဂံအဖြစ် တည်ထောင်ထားသည့် ပုဂါရာမခေါ် ပုဂံ ညောင်ဦးတစ်ဝိုက်ဒေသများပင်ဖြစ်ပါသည်။

ထိုစဉ်က ပုဂံတစ်ဝိုက်တွင် ကျား၊ ဝက်၊ငှက်၊ ဘူးပင်၊ ရှူးပျံတို့ သောင်းကျန်း၍နေရာ ပျူစောထီးက နှိမ်နင်းခဲ့ရသည်ဟု ဆိုပါသည်။ ဤတွင် အချို့ စာအုပ်များက ဘူးပင်ကို မထည့်သွင်းဘဲ လေးခုတည်းထားသည်များ လည်း ရှိပါသည်။ လေးခုဖြစ်စေ ငါးခုဖြစ်စေ ပျူစောထီးကတော့ နှိမ်နင်းခဲ့ ရသည်ပဲ ဖြစ်ပါသည်။

အရှေ့အရပ်မှာက ဝက်ကြီးတဲ့။ တစ်နေ့ကို ထမင်းအလုံး ၆၀၊ ဖရုံသီး ၉ လှည်း ဖွဲ ၉ လှည်းကို ကျွေးရသတဲ့။ ဝက်အရံ ၅၀၀ နှင့်နေသည်မှာ ၁၂ နှစ်ရှိပြီတဲ့။ ဒါကိုပျူစောထီးက နှိမ်နင်းခဲ့ရလေသတဲ့။ အဲဒါ ဝက်ကြီး အင်း ပါပဲတဲ့။ အနောက်အရပ်၌မူ ငှက်ကြီးရှိပါသည်။ ထီးလိုင်ကာ ငှက်ကြီးတဲ့။ ပါဠိစကား ဟတ္ထိလိင်္ဂမှနေ၍ တိလိင်္ဂါ၊ ယင်းနောက် ထီးလိုင်ကာဟူ၍ ဖြစ်လာ ကြောင်း ဝေါဟာရလိနတ္ထဒီပနီမှာဆိုသတဲ့။ ဆင်လိုနှာမောင်းရှိသတဲ့။ ကိုယ်လုံး က ၅၅ တောင်ရှည်သတဲ့။ သူကလည်း ငှက်အရံ ၅၀၀ နှင့်နေသတဲ့။ ၇ရက် ကိုတစ်ကြိမ် သမီးကညာ ၇ ယောက် ပို့ပို့ပေးနေရသည်မှာ ၁၂ နှစ်ရှိပြီတဲ့။ ထိုငှက်ကိုပစ်ရန် ပျူစောထီးမြားကိုချွန်သော နေရာကို မြားသဥမင်ဟု ဆိုကြပါသည်။ သမီးကညာတို့ကို ဝှက်ထားရသည့်နေရာကို သမီးဝှက်ဥမင်ဟု ဆိုကြပါသည်။ ငှက်ကိုပစ်သတ်ရာအရပ်ကို ငှက်ပစ်တောင်ဟုဆိုကြပါသည်။ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်တို့ကို ၁၂ နှစ်တိုင်ကျွေးနေရသည့် တောင်အရပ်က အရံ ၅၀၀ နှင့် ကျားကြီးမြောက်အရပ်က အရံ ၅၀၀နှင့် ရှူးပျံကြီးတို့ကိုလည်း ပျူစောထီးက နှိမ်နင်းခဲ့သည်ဟု ဆိုပါသည်။

ဒါတွေက ဦးကုလား၏ မဟာရာဇဝင်ကြီးလို စာအုပ်များ၌ ပါဝင် သောအကြောင်းအရာများပဲ ဖြစ်ပါသည်။ တစ်ခုထူးဆန်းသည်က ဘူးပင် အကြောင်းကို ဦးကုလားက ထည့်မရေးခြင်း ဖြစ်ပါသည်။ မှန်နန်း ရာဇဝင်က လည်း ဘူးပင်ကို ဖယ်ထားပြန်ပါသည်။ တစ်ပင်ခုတ်လျှင် နှစ်ပင်၊ နှစ်ပင် ခုတ်လျှင် လေးပင်၊ လေးပင်ခုတ်လျှင် ရှစ်ပင်စသည်စသည်ဖြင့် နှစ်ဆပွား သော ဘူးပင်၏ အန္တရာယ်ကို ပျူစောထီးက သုတ်သင်ရာက ဘူးဘုရားဟု အမှတ်တရတည်ခဲ့ကြောင်းစကားကို ဘယ်လိုယုံကြည်ရမလဲ မသိတော့။

mgyoe.com

mgyoe.com



အာလိန်အဆင့်ဆင့်ကို စိန်တောင်ခံကာ ဘူးသီးပုံတည် ထားသည့် ဘုရားက ဧရာဝတီနှင့် ပန်ရသည်ကဖြင့် မငြင်းနိုင်ပါ။ ၁၉၇၅ ပုဂံလျှင်တွင် ဖိနပ်တော် အပေါ်ပိုင်းအားလုံး ဧရာဝတီမြစ်ထဲသို့ ပါသွားခဲ့ရာ အေဒီ ၃ ရာစုက ဘုရားဆို လျှင်ဖြင့် နှမြောစရာ၍မဆုံးပါလေတော့။

(လေး)

စွမ်းသူများနှင့် ပတ်သက်၍ အလဲလဲ အလှယ်လှယ်သုံးသော စကား လုံးများ အများအပြားရှိပါသည်။ လူနှင့် အထိအတွေ့ဆုံးစကားလုံးက Hero။ သူရဲကောင်းဟု ကျွန်တော်တို့ ဘာသာပြန်ဆိုကြပါ၏။ ထို့နောက် တွင်ကား Ideal character စံပြဇာတ်ဆောင်၊ Role Model စံပြုပုဂ္ဂိုလ်၊ self image အတ္တပုံရိပ်၊ Ego Ideal အတ္တစံထားပုဂ္ဂိုလ် စသည်စသည်ဖြင့် ဝေါဟာရတွေ စကားလုံးတွေများမှများ။ သို့သော် ခြုံ၍ပြောရလျှင် မိမိ အထင်ကြီးအားကျ ရသောပုဂ္ဂိုလ်။ သို့သော် ဤနေရာ၌ တစ်ခုပြောရလျှင် သည်စကားလုံးများ စွာအနက် Hero ဟူသော စကားလုံးက Super Nature ဆိုသော သဘာဝ လွန်ရနံ့ကို ရပါသည်။ ဒဏ္ဍာရီအငွေ့အသက်ကို ရပါသည်။ ရာဇဝင်စာအုပ် အဟောင်းအနွမ်းကြီးများ၏ အရသာကို ရပါသည်။

ပျူစောထီးက Hero ဟူသော စကားလုံးနှင့် လိုက်ဖက်လိမ့်မည်ဟု ထင်ပါသည်။ ပင့်ကူလူသား (spider Man)၊ လင်းနို့လူသား (Bat Man) ဒိုးယိုပေါက်လူသား (Hollow Man)၊ လူလွန်မလူသား (super Man) စသည် စသည်ဖြင့် သဘာဝယုတ္တိမတန်သော လူတွေထဲမှာ ပျူစောထီးကို ထည့်သွင်း နိုင်လိမ့်မည်ဟု ထင်ပါသည်။ ထိုကြောင့် Hero ။

အိုင်းစတိုင်းလိုပုဂ္ဂိုလ်မျိုးကမူ Hero မဟုတ်။ မဟာ ပုဂ္ဂိုလ်ကျော် (Great personality) တဲ့။ သမိုင်းဒဿန ပညာရှင်တချို့က နည်းပညာ ခေတ်ကြီးထဲမှာ Hero ကို နှင်ထုတ်ရမတဲ့။ to banish Heroes from Human life ဟုဆိုပါ၏။ ဂျာမန်ဒဿန ပညာရှင် ဟီဂဲလ်ကမူ Hero ကို (World Historical Figure) ဟု အဓိပ္ပာယ်ဖွင့်ပြီး အဆိုးအကောင်း Hero နှစ်မျိုးရှိသည်ဟုဆိုပါသည်။ အတွေးအခေါ်ပညာရှင် အချို့ကမူ Uncivi-

mgyoe.com

mgyoe.com

lized situation and Absence of Modern state မယဉ်ကျေးသည့်အနေအထား ခေတ်မီမြို့ပြ မပေါ်ထွန်းမီအနေအထားများတွင် Hero ပေါ်လေသတဲ့။

ပျူစောထီးသည် Great personality မဟုတ်ပါ။ မယဉ်ကျေးမီမြို့ပြမထွန်းကားမီ ပေါ်ထွန်းခဲ့သည့် ဒဏ္ဍာရီထဲက Hero သာဖြစ်ပါသည်။ သို့သော် အကောင်း။ အလင်း။ ဘူးဘုရားမြစ်ဆိပ်ကနေ ဟိုးတန့်ကြည့်တောင်ဘက်လှမ်းမျှော်ရင်း ဘာကို လွမ်းမိမှန်းမသိပါလေတော့။ ။

■

mgyoe.com

mgyoe.com

## ပန်းပဲဆရာတစ်ယောက်ရဲ့ စကားဝါပန်းများ

(တစ်)

ဝီလျံရှိတ်စပီးယား (William Shakespeare) ၏ အမည်မပါဘဲနှင့် အင်္ဂလိပ်စာပေသမိုင်းကို ရေး၍ မဖြစ်နိုင်သလို၊ တောင်တော် ရွှေပုပ္ပား မပါဘဲနှင့်လည်း ပုဂံညောင်ဦးဒေသ ခရီးစဉ်က ပြီးပြည့်စုံလိမ့်မည်ဟု ကျွန်တော်မထင်ပါ။ မှန်ပါသည်။ ကျွန်တော် သာမက ပြည်တွင်းခရီးသွားတွေရော ပြည်ပခရီးသွားတွေရောက ပုဂံ–ညောင်ဦး ခရီးစဉ်ကိုမှ သွားဖြစ်ကြပြီဟု ဆိုလျှင် ပုပ္ပားကို ဝင်ကြမြဲပင် ဖြစ်ပါသည်။

ပုပ္ပားတဲ့။

မြန်မာ့အလှ ရတနာတစ်ပါးဖြစ်သော ပုပ္ပား။

မြင်းခြံလွင်ပြင်ထဲမှာ ၁၅၂၀ မီတာ မြင့်သည်ဆိုသော ပုပ္ပား။

ကျွန်တော်တို့ မိရိုးဖလာကတော့ ဆယ့်ကိုးယုတ်ငါးထောင်ဟု မှတ်သားခဲ့ကြသည်။ ငါးထောင်ထဲမှာ ဆယ့်ကိုးယုတ်တော့ ပေပေါင်း ၄၉၈၁ပေပေါ့။ သည် ပုပ္ပားတောင်ကြီးက ဟိုးအတိတ်လွန်ခဲ့သော နှစ်ပေါင်း နှစ်သိန်းငါးသောင်းလောက်ကတော့ မီးတောင်ရှင်ကြီး တစ်ခုဖြစ်ခဲ့သည်ဟု ဆိုပါသည်။

mgyoe.com

mgyoe.com

အခုတော့ မီးတောင်သေ။ မီးငြိမ်းတောင်။ Oasis of Dry Zone တဲ့။ ကန္တာရထဲက အိုအေစစ်။

ဒါကြောင့်ပဲ ထင်ပါသည်။ ဆရာမင်းသုဝဏ်က ဆရာဇော်ဂျီနှင့် တွဲရေးသော ခရီးသည် စာအုပ်ထဲက တောင်တော် ရွှေပုပ္ပား ဆောင်းပါးထဲမှာ ပုပ္ပားကို

အနိမ့်ထဲက အမြင့် ... တဲ့။

အခြောက်ထဲကအစို ... တဲ့။

အဝါထဲက အစိမ်း ... တဲ့။

အပူထဲက အအေး ... တဲ့။ ဝိသေသ ပြုခဲ့ဖူးပုံကို ကျွန်တော် အမှတ်ရနေမိသည်။

တေးရေးဆရာ ကန်မြဲ ကိုအေးကျော်ကတော့ သူ့လက်ရာမွန် တောင်တော် ပုပ္ပား၊ သီချင်းထဲမှာ သူ့ရွာနှင့် လက်တစ်ကမ်းက တောင်ကြီးကို ဘယ်သူပြိုင်လို့ လှပါတော့နိုင်တဲ့ ဖွဲ့ဆိုခဲ့ဖူးသည်။

သြော် ... သည် ပုပ္ပားတောင်ကြီး ရှိရာဆီသို့ ကျွန်တော် ရောက်ရောက်သွားခဲ့မိတာ ဘယ်နှခေါက် ဘယ်နှခါမှန်းကို မမှတ်မိနိုင်ပါလေတော့။

(နှစ်)

ပုပ္ပားတောင်၏ အလှကို ဘယ်နေရာ၊ ဘယ် Point of view ကကြည့်လျှင် အကောင်းဆုံးလဲ ဆိုသည်ကတော့ လူတစ်ကိုယ် အကြိုက်တစ်မျိုးဖြစ်လိမ့်မည်ဟု ထင်ပါသည်။ မိတ္ထီလာ–မန္တလေး ကားလမ်းမကြီး တစ်နေရာက၊ မိတ္ထီလာ – မြင်းခြံ ကားလမ်းပေါ်က ပခုက္ကူ – လက်ပံပေါ်ကူးတို့သင်္ဘောပေါ်က၊ မိတ္ထီလာ – ကျောက်ပန်းတောင်း ကားလမ်းပေါ်က နေရာအမျိုးမျိုးကနေ ကျွန်တော် ကြည့်ဖူးခဲ့ပါသည်။

ကျွန်တော့် အကြိုက်ဆုံးကတော့ မိတ္ထီလာ – ကျောက်ပန်းတောင်း မော်တော်ကားလမ်းပေါ်က မြင်ကွင်းပဲ ဖြစ်ပါသည်။ အထူးသဖြင့် တောင်ဦးအလွန် မြေပြန့် လွင်ပြင်ထဲကနေ လှမ်းကြည့်ရသော မြင်ကွင်း၊ ကြက်မောက်တောင်ဆည်၏ တမံပေါ်က တက်ကာ ဆည်ရေမျက်နှာပြင်ကို ဖြတ်လျှောက်

mgyoe.com

mgyoe.com


လှမ်းကြည့်ရသော မြင်ကွင်း၊ အင်တောကျယ်အဝင် ထန်းတောတွေကို ဖြတ်လျက်က လှမ်းမြင်နေရသော မြင်ကွင်းတွေပဲ ဖြစ်ပါသည်။ ဂျပန်နိုင်ငံ၏ နာမည်ကျော် ဖူဂျီယာမာတောင်ကို အလှရိုက်ကူးထားသော ပုံနှင့်တော်တော့်ကို ဆင်တူသော မြင်ကွင်းဖြစ်ပါသည်။

တစ်ခါ တစ်ခါ ပုပ္ပားတောင်ကြီးက မြူတွေထဲမှာ လုံးဝပျောက်ကွယ်နေတတ်သည်။ တစ်ခါ တစ်ခါမှာတော့ မိုးက တော်တော်နိမ့်နိမ့်ကနေ ရွာသွန်းနေခဲ့ရာ တောင်အောက်ပိုင်းကို လုံးဝ မမြင်ရတော့ဘဲ တောင်ထိပ်ပိုင်းပြတ်ကြီးကိုသာ ထင်းထင်းကြီး မြင်နေရတတ်သည်။

သည်တောင်ကြီးက ဂမ္ဘီရလည်း ဆန်လွန်းလှပါဘိ။

'ဟောဟို ... တောင်ထိပ်ကို တက်သွားရင်
ထိပ်ဖျားမှာ အပေါက်တစ်ခု ရှိတယ်တဲ့ဗျ
နေမွန်းတည့်ချိန်ဆိုရင် နေရောင်က အဲသည့်
အပေါက်ကနေ တောင်အောက်ခြေထဲ အထိ
ထိုးဝင်သွားတယ်ဆိုလား ... အဲသည့် အပေါက်ဝ
နားမှာ နာရီတွေ ဘာတွေ သွားထားရင် ရပ်သွားရောတဲ့'

ဟိုး တစ်ခါ ကျောက်ပန်းတောင်းကို ရောက်သွားတုန်းက နယ်ခံစာပေမိတ်ဆွေများနှင့်အတူ ကြက်မောက်တောင်ဆည်ပေါင်ပေါ်သို့ တက်ဖြစ်ခဲ့ကြရာ မိတ်ဆွေတစ်ယောက်က မလှမ်းမကမ်းရှိ တောင်စွယ်တစ်ခုကို လက်ညှိုးညွှန်ပြရင်း ပြောလာခဲ့သော စကားဖြစ်ပါသည်။

ပုပ္ပားတောင်မှာ ဒဏ္ဍာရီတွေကလည်း များပြားလွန်းလှပါဘိ။ ပန်းပဲမောင်တင့်တယ် နတ်မောင်နှမနှင့် စကားဝါပန်းများ။ ပန်းဆက်သမား ကိုဗျတ္တနှင့် မယ်ဝဏ္ဏာဆိုသည့် ပုပ္ပားသူ။

တကောင်းခေတ်ထွန်းကားစဉ် ကာလတုန်းက တကောင်းတွင် ဦးတင့်ဆိုသော ပန်းပဲဆရာကြီး တစ်ယောက်ရှိသည်ဟု ဆိုပါသည်။ သူ့တွင် သားသမီး သုံးယောက်ရှိရာ မောင်တင့်တယ်၊ ရှင်မြတ်လှနှင့် မထွေးမယ်ဟု ဆိုပါသည်။ မောင်တင့်တယ်က ခွန်အားကြီးသူဖြစ်ရာ ယာလက်က ပိဿာ အစိတ်ဝဲလက်က ပိဿာငါးဆယ် မ နိုင်သည်ဟု ဆိုပါသည်။ မောင်တင့်တယ်ပန်းပဲထုလိုက်လျှင် တကောင်းတစ်မြို့လုံး သိမ့်သိမ့်တုန်သွားတတ်ရာ

mgyoe.com

mgyoe.com


တကောင်းဘုရင်က သူ့အာဏာအတွက် စိုးရိမ်သည်။ ထို့ကြောင့် မောင်တင့်တယ်ကို ဖမ်းဆီးဖို့ ကြံဆောင်လာခဲ့ရာ မောင်တင့်တယ် ထွက်ပြေးသွားခဲ့သည်။ ဤတွင် တကောင်းဘုရင်က မောင်တင့်တယ်၏နှမ ရှင်မြတ်လှကို မိဖုရားမြှောက် လိုက်ပါသည်။ မောင်တင့်တယ်ကိုလည်း အမတ်ရာထူးပေးမည်ဟုဆိုကာ ဆင့်ခေါ်လိုက်သဖြင့် မောင်တင့်တယ်ရောက်ရှိလာခဲ့ရာ ကြိုတင်စီစဉ်ထားသည့်အတိုင်း ဝိုင်းဝန်းဖမ်းဆီးကာ စကားစိမ်းပင်၌ ချည်နှောင်ပြီး ဖိုကျင်ထိုး ၍ မီးရှို့သတ်ပစ်ခဲ့သည်။ ထိုအခါမှ နှမဖြစ်သူ ရှင်မြတ်လှကလည်း မိမိကြောင့် မောင်ကြီးသေရသည်ဆိုကာ မီးပုံတွင်းသို့ ခုန်ဆင်းပြီး၊ အသေခံပစ်ခဲ့ရာ မောင်နှမနှစ်ယောက်လုံး နတ်စိမ်းဖြစ်သွားကြသည်ဟု ဆိုပါသည်။

သို့နှင့် နောင်သော် စကားစိမ်းပင်ရှိ နတ်စိမ်းမောင်နှမတို့က ဖမ်းစားဘတ်သည်ဟု သတင်းကြီးလာခဲ့ရာ တကောင်းဘုရင်က ထိတ်လန့်ပြီး စကားမ်းပင်ကို ရေတွင်မျှောသည်။ ထိုစကားစိမ်းအပင်က ဧရာဝတီမြစ်ကို စုန်ဆင်းလာခဲ့ပြီး ပုဂံ၌ တင်သည်။ ပုဂံမြစ်ဆိပ်ဆင်းလာသူတို့ကို ဖမ်းစားသည်သာမက လူတစ်ယောက်ကို ဝင်ပူးကာ အပိုင်စားပေးဖို့ တောင်းဆိုသည်။ ဤတွင် ဘုရင်က အမိုးဖြူ (Plain Roofed) အိမ်များကို စားစေဟု အမိန့်ချသည်။ အချွန်အတက် စုလစ်မွမ်းချွန်မပါသည့် အိမ်များကိုစားစေဟူသည့်သဘော။ အိမ်တွင်းနတ်။ ထို့နောက် ပုပ္ပားတောင်မှာလည်း နတ်ကွန်းနှစ်ခု ဆောက်ပေးလိုက်သည်။ မောင်တော်နတ်ကွန်းတဲ့။ နှမတော် နတ်ကွန်းတဲ့။ သည်တုန်းက ပုဂံဘုရင်က သဉ်လည်ကြောင်။

ဆရာကြီး ဒေါက်တာ သန်းထွန်းတို့လို သမိုင်းပညာရှင်တွေကတော့ အနော်ရထာ မတိုင်မီ နှစ်လေးငါးခြောက်ရာ အလွန်က သဉ်လည်ကြောင်မင်းနှင့် သူ့ခေတ်နောက်ခံ မင်းမဟာဂီရိ နတ်မောင်နှမ ဇာတ်လမ်းတို့ကို ဘယ်လိုမှ ဘဝင်ကျလိမ့်မည်ဟု ကျွန်တော် မထင်မိ။

သို့သော် ပုဂံဘုရင် အဆက်ဆက်ကတော့ နှစ်စဉ် နတ်တော်လများမှာ ပုပ္ပားတောင်သို့ ကြွမြန်းပြီး မင်းမဟာဂီရိနှင့်တကွ နတ်တို့၏ ပူဇော်သဘင်ကို ဆင်ယင်ကြမြဲဟု ဆိုပါသည်။ Maurice Collis ရေးသားပြီး ဆရာမြသန်းတင့် ဘာသာပြန်သည့် ဧကရီဖွားစော (She was a Queen) ဝတ္ထုထဲတွင် ပုပ္ပား နတ်တက်ပွဲကအပြန် ဥဇနာမင်းကြီးနှင့် ဆိတ်ထိန်းကမ်းဖြူရွာသူ မိဖုရား

mgyoe.com



mgyoe_dpm

mgyoe.com

ဖွားစော လောင်းလျာ မိန်းကလေးတို့ တွေ့ဆုံကြပုံ ဇာတ်ကွက်ကို ကျွန်တော် စွဲနေမိသည်။

တစ်ခါကတော့ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ၏ လေ့လာရေး ခရီးစဉ်တစ်ခု၌ ဦးဆောင်သူအဖြစ် ကျွန်တော်လိုက်ပါသွားခဲ့ ရဖူးပေရာ ထိုမင်းမဟာဂီရိ နတ်မောင်နှမတို့၏ နတ်ကွန်းများရှိရာဆီသို့ ရောက်ခဲ့ဖူးသည်။

ဘာပဲဖြစ်ဖြစ် ယုံကြည်သူတွေကတော့ ပန်းပဲမောင်တင့်တယ်ကို အိမ်တွင်းနတ်အဖြစ် ကိုးကွယ်ကြသည်။ နတ်အုန်းသီးမှာ ခေါင်းပေါင်းအနီ ကလေးစည်းလို့။ မီးသင့်လောင်ကျွမ်းလျှင် အုန်းရည်သောက်ရသည်ဟူ သော မိရိုးဖလာ ဆေးမြီးတို အယူအဆစွက်ကာ အုန်းသီးက မောင်တင့်တယ် အထိမ်း အမှတ် ဖြစ်လာရသည်။ မီးဖြင့် သေရသူမို့ ညရောက်လို့ မီးထွန်းပြီဆို နတ်စင် လိုက်ကာ ကလေးကို အသာအယာ ဆွဲပိတ်တတ်မြဲ။ စကားဝါပန်းကိုလည်း ဘယ်တော့မှ နတ်မတင်ကြရ။ စကားဝါပန်းပင်သည် မောင်တင့်တယ်၏ ဘဝ အိပ်မက်ဆိုးကြီးအဖြစ် လူကြီးသူမတွေက ငယ်ရွယ်သူ ကျွန်တော်တို့ကို ယုံကြည်ရာတွေ လက်ဆင့်ကမ်းခဲ့ကြဖူးပါသည်။

ခုတော့ ကျွန်တော့်အိမ်မှာ နတ်အုန်းသီးမရှိ။ ပန်းပဲမောင်တင့်တယ်ခေါ် မင်းမဟာဂီရိကလည်း မစောင့်ရှောက်။ ဟာလာဟင်းလင်းကြီး။

သိုးကလေ
ပုပ္ပားနတ်တောင်၊ အခေါင်မြင့်ဖျား
စုံတောပြား၌၊ နံ့ရှားကြိုင်လွင့်
ခါတန်ပွင့်သည်၊ ရွှေနှင့်ယိုးမှား
ပန်းစကား။

သိုးကလေ
စကားပွင့်နှင့်၊ နှိုင်းတင့်နိုးသည်
ရဲမျိုးသမီး၊ မောင်ကြီးနှမ
ညက်လှပြာစင်၊ မယ့်သည်ပင်သည်
ခရီးသား။

mgyoe.com

mgyoe.com



သိုးကလေး
မြိတ်လွတ်စုလည်း၊ အငယ်တည်းက
ကျွမ်းဝင်ကြသည်၊ မွေးဖတူရင်း
မျိုးသည်မင်းနှင့်၊ ချစ်ခြင်းစုရုံး
သက်ထက်ဆုံးသည်၊ နှလုံးမခြား
စောင့်တရား။

ဆွေမိမင်း
မျက်သုတ်နိစင်၊ ရထည်းဖျင်နှင့်
ကျိုင်းစင်မြဝါ၊ မတ်ကြီးလျာကို
မယ်သာတြိုက်မိ၊ တုမရှိ။

ဒါကတော့ ကျွန်တော်တို့အားလုံးနှင့် ရင်းနှီးပြီး ဖြစ်သောလင်္ကာခေါ် အချင်းငယ် ကလေးတစ်ပုဒ်ပင် ဖြစ်ပါသည်။ ပုဂံခေတ်က ကဗျာလို့ပဲ ကျွန်တော်တို့ အစဉ်အဆက် မှတ်သားထားခဲ့သော ကဗျာ ဖြစ်ပါသည်။

ပုဂံဝန်ထောက်မင်း ဦးတင်က သူ့ကဗျာ့ ဗန္ဓသာရ ကျမ်းထဲမှာ ပန်းပဲ မောင်တင့်တယ်၏ နှမငယ်အကြောင်း ဖွဲ့ဆိုသော လင်္ကာဟု ဖွင့်ထားခဲ့ပါသည်။ အချို့ကတော့ ပုဂံသူ၊ မိန်းကလေးတစ်ယောက်က မင်းမဟာဂီရိနတ်ကို တိုင်တည်ရင်ဖွင့်သော ကဗျာဟု ဆိုပါသည်။

ကဗျာက သိုးဦးထုပ်ဆောင်းသော မင်းမဟာဂီရိကို တိုင်တည်ပြီးနောက် ပုပ္ပားတောင်၌ နတ်တို့ပျော်တာ၊ ပုပ္ပားတောင်ကြီးမြင့်တာ၊ ပင်မျိုးစုံပေါက်ပြီး စကားဝါပန်းတွေပွင့်တာ၊ မောင်ကြီးက အမတ်လောင်းဖြစ်ပြီး ယောကျ်ားပီသ ကာ ပဝါအနီကို ရင်ညွန့်၌ ချည်နှောင်ထားတာ။ ဖခင်၏ တူတော်စပ်တာ စသည် စသည်တို့ကို ဖော်ပြထားသော ကဗျာဖြစ်ပါသည်။ ဤနေရာ၌ မွေးဖတူရင်းကို ဖခင်၏ တူအရင်းဟု မဖွင့်ဘဲ မွေးဖခင်အတူတူဟု ဖွင့်ဆိုလျှင် ကော မသင့်လျော်နိုင်ဘူးလား။ ကဗျာထဲက လုလင်နှင့် လုံမတို့၏ အချစ်ကို မောင်တင့်တယ်နှင့် နှမရှင်မြတ်လှတို့၏ မောင်ချစ်နှမချစ် အဖြစ် ဖွင့်ဆိုလျှင် ကော မဖြစ်နိုင်ဘူးလား၊ ကျွန်တော် စဉ်းစားမိတာတွေ ဖြစ်ပါသည်။

mgyoe.com

mgyoe.com

ဆရာ 'ဇော်ဇော်အောင်'ကတော့ သည်ကဗျာကိုလည်း 'မြကန်'တို့ သူတည်းတစ်ယောက်တို့နှင့်အတူ ပုဂံခေတ်ကဗျာအဖြစ် ဘဝင်မကျနိုင်သေးပါကြောင်း 'သရုဖ္ဖူဆောင်းပါးများ'ထဲမှာ မှတ်သားချက် ပေးထားခဲ့ပါလေသည်။

ဆရာ 'ဦးအောင်သင်း'က သူ့ 'တိုလီမိုလီစာပေ' စာအုပ်ထဲမှာ ...

'စကားလုံးများကို ကြည့်လိုက်ရုံနှင့်

သေဉ်လည်ကြောင်မင်း လက်ထက်က

ပေါ်ပေါက်ခဲ့သော ကဗျာ မဖြစ်နိုင်ကြောင်း သိသာလှပါသည်'ဟု ဆိုကာ ပင်းယ ဒါမှမဟုတ် အင်းဝခေတ်ဦး ကဗျာ ဖြစ်နိုင်ကြောင်း ကောက်ချက်ချထားခဲ့ပါသည်။

သို့သော် ကျွန်တော်တို့အားလုံး အခုအထိကတော့ သည်ကဗျာကို ပုဂံခေတ် ကဗျာအဖြစ်ပဲ သင်ယူကြ၊ မှတ်သားကြ၊ ဖွင့်ဆိုကြဆဲ။ ပုပ္ပားတောင်ကြီးနှင့်အတူ စကားဝါပန်းရနံ့တွေ ကြိုင်လှိုင်နေသည့် ကဗျာတစ်ပုဒ်။

(လေး)

ပုပ္ပားတောင်သို့ အကြိမ်ကြိမ် အခါခါ ရောက်ခဲ့ဖူးသော ကျွန်တော့်ခရီးစဉ်များထဲတွင် တောင်ကလပ်ပေါ်သို့ သာမက တောင်မကြီးထိပ်သို့ပါ တက်ခဲ့သော ခရီးစဉ်များ ပါဝင်ပါသည်။ တစ်ခါတစ်ခါ ညအိပ်။ တောင်ကလပ် ခြေရင်းက တန်ဆောင်းတွေထဲမှာ ကျွန်တော်အိပ်ဖူးသည်။ အခုမှ ဖွင့်လှစ်လိုက်သည့် Popa Mountain Resort Hotel မှာ ကျွန်တော် အိပ်ဖူးသည်။ Popa Resort Hotel က တောင်မကြီးနှင့် မလှမ်းကမ်း တောင်စောင်းတစ်နေရာ၌ ဆောက်ထားခြင်း ဖြစ်သည့်အပြင် ဘန်ဂလိုကလေးတွေဖြစ်ရာ တော်တော့်ကို တည်းခိုလို့ ကောင်းပါသည်။ ရေကူးကန်နှင့်။ မြင်းစီးစခန်းနှင့်။ အပင်တွေကလည်း စုံလိုက်စေ့လိုက်တာ။

တောသီတင်း၊ ကတွတ်၊သဘော်ဆီးဖြူ၊ ဖက်ဝန်းဖြူ၊ သင်းတွဲညို၊ အုံမဲဇာ၊ ပိတောက်၊ ပိန္နဲ၊ သက်ရင်းကြီး၊ ကျွန်း၊ စိန်ပန်း၊ အုံတုံ၊ ကြို့၊ ပနားမားငှ၊ စွယ်တော်၊ စန္ဒကူး၊ သင်းဝင်၊ အာဖရိကန်ကျူးလစ်၊ သစ်ဆိမ့်၊ တရုတ်စကားဖြူ၊

mgyoe.com

mgyoe.com


ကရမက်၊ ဖက်သန်း၊ ဖလံ၊ ကြက်ရိုး၊ ကျွန်းခေါက်နွယ်၊ ညောင်ကြွတ်၊ ကျွန်းမို့၊ ကော်ဖီ၊ ကင်ပွန်း၊ ကံ့ကော်၊ ချယ်ရီ၊ ကျောက်ပန်း၊ ငုစပ်၊ စတော်ဘယ်ရီ၊ စပျစ်၊ တမာ၊ မဲဇလီ၊ ဆေးကြီး၊ ဆီးတော်၊ ညောင်၊ တောင်ထန်း၊ ပြည်ပန်းညို၊ ပင်လယ်ကဗွီး၊ဒန့်သလွန်၊ ပရုတ်ဆီပင်၊ ပွေးကိုင်း၊ ဗာဒံ၊ မာလကာ၊ ပြည်လုံးချမ်းသာ၊ ရှောက်ချို၊ ရှောက်ချဉ်၊ အဝေရာ၊ သဘော်ာတည်၊ သဘော်ာ မဲဇလီ စသည် စသည် စသည် ...။

Popa Resort Hotel တွင် Training လာဆင်းနေသော စဝ်သီတာက ဟိုတယ်တစ်ဝိုက်ကို စိတ်ရှည်လက်ရှည် လိုက်ပြသည်။

တောင်မကြီးတစ်ခုလုံးကို အဓိက လွှမ်းမိုးထားသည့် ဇာတ်လိုက်ပန်းကတော့ စကားဝါပန်း။ ပန်းပဲမောင်တင့်တယ်တို့ နတ်မောင်နှမမုန်းသော စကားဝါပန်း။ ပုပ္ပားမြို့ ဈေးဆိုင်တန်းတွေပေါ်မှာ ပုလင်းကလေးတွေနှင့် ထည့်လျက် ရောင်းချနေသော စကားဝါပန်း။

ဩော် ... ပုဂံပြည့်ရှင် အနော်ရထာမင်း လက်ထက်က သူရဲကောင်း ဗျတ္တဆိုသူ ပုပ္ပားကို လာရောက်ခူးယူကာ ပြည့်ရှင်အနော်ရထာမင်းထံ ဆက်ရသည်ဆိုသော ပန်းတွေကလည်းသည် စကားဝါပန်းတွေပင် မဟုတ်ပါလား။

■

mgyoe.com

mgyoe.com

# မင်းမဟာဂီရိ စောင့်တဲ့တံခါး

(တစ်)

ပုဂံသို့ရောက်လျှင် သရပါတံခါးကို ဖြတ်ကြရမြဲ ဖြစ်ပါသည်။ ညောင်ဦးဘက်ကနေ တမာနှင့်ထနောင်းတို့ စီတန်းထားသော ကားလမ်းအတိုင်း လိုက်လာခဲ့လျှင် အာနန္ဒာနှင့် မလှမ်းမကမ်းကို လွန်လိုက်သည်နှင့် သရပါ တံခါးကြီးက စောင့်ကြိုနေပါသည်။ မြန်မာ့မြို့တော်ဟောင်း ပုဂံ၏ တစ်ခုတည်းသော လက်ကျန်တံခါး။ နိမ့်သည့် နေရာကနိမ့် ပြိုသည့်နေရာက ပြိုကာ အစမရှိ အဆုံးမရှိ ကြေးနီရောင်သမ်းနေသော လက်ကျန် အရှေ့မြို့ရိုးကြီး၏ အလယ်တွင် မားမားကြီး ရပ်နေသည့် တံခါးပေါက်ပဲ ဖြစ်ပါသည်။

သရပါတံခါးက ထုထည်တော်တော့်ကို ကြီးပါသည်။ မြင့်လည်းမြင့်၊ ကြီးလည်း ကြီးလှပေရာ၊ ဝင်လာသူကို တန့်သွားစေလောက်သည့် အဟန့်ပင် ဖြစ်ပါသည်။ တံခါးပေါက်ဝဲယာမှာက မြို့ရိုးအပြိုအပျက်တွေ၊ အကုန်လုံး ဟသ်ာပြဒါးရောင်တွေနဲ့ နီစွေးလို့၊ သို့သော် တမာတို့စိမ်းပုံ၊ ထနောင်းတို့

mgyoe.com

mgyoe.com

စိုပုံက အတိတ်ရနံ့ပါသော ဟသ်ာပြဒါးရောင်နှင့် လိုက်ဖက်လှသည်ဟု ကျွန်တော်က ထင်မိသည်။

သရပါတံခါးတို့ မြို့ရိုးအပြိုအပျက်တို့ ရှေ့ကပ်လျက်မှာက ကျုံးရှိပါသည်။ ကျုံးမပီတော့သော ကျုံး၊ ကျုံးချောက်။ သို့သော် မြို့တံခါးအဝင်ညာဘက်က ကျုံးထဲမှာတော့ ရေရှိပါသည်။ ဧရာဝတီမြစ်ထဲက ရေကို စက်နှင့်မောင်းသွင်းထားခြင်း ဖြစ်သည်ဟု ဆိုပါသည်။

သရပါတံခါးနှင့် မျက်စောင်းထိုးလောက် ကျုံးရေစပ်စပ်မှာက လှေဆိပ်ကလေးတစ်ခု လုပ်ထားသည်။ အရိမဒ္ဒန၊ လှေဆိပ်တဲ့။

လွန်ခဲ့သည့် ဆယ့်လေးငါးနှစ် ဝန်းကျင်လောက်တုန်းကတော့ သည်နားတစ်ဝိုက်မှာ စားသောက်ဆိုင်ကလေးတွေ တော်တော့်ကို များပါသည်။ သရပါ စားသောက်ဆိုင်တဲ့။ Ever green စားသောက်ဆိုင်တဲ့။ တိုးတိုးဝင်း စားသောက်ဆိုင်တဲ့။ ပုဂံက ထမင်းဆိုင်တချို့၏ စနစ်က ထူးခြားသော အဝစား စနစ်ဖြစ်ပါသည်။ ထမင်းသာ အဝစားမဟုတ်၊ ဟင်းလည်း အဝစား၊ အသား ဟင်းမျိုးစုံကို ဟင်းခွက်တွေထဲမှာ လျော့သွားတိုင်း ထပ်ဖြည့်ပေးနေမြဲ။ အရံ ဟင်းတွေကလည်း အများကြီး။ ပဲကြီးနှပ်တွေ၊ ပုန်းရည်ကြီးသုပ်တွေ၊ ကြက်ဟင်းခါးသီးချက်တွေ၊ ကင်းပုံသီးကြော်တွေ၊ ငါးကြော်တွေ ကြိုက်သလောက်စား၊ တစ်ခါတလေ ရာသီသင့်လျှင် မြူရွက်သုပ်ကလေး၊ ထနောင်းရွက်သုပ်ကလေးတွေကိုပင် စားရတတ်ပါသေးသည်။ ရေနွေးဖြော့ထားသည့် မြူရွက်စိမ်းစိမ်းကလေးကို မြေပဲထောင်းနှင့်သုပ်ထားပုံက ဆိမ့်နေသည်။ ခုတော့ ထမင်းဆိုင်ကလေးတွေ ကျဲပါးသွားလေသလား မဆိုတတ်။

သရပါတံခါးအဝင်မှာတော့ တမာပင် စိမ်းစိမ်းကလေးတွေ တစ်ပင်စ နှစ်ပင်စ ရှိပါသည်။ တစ်ခါတစ်ခါ သည်တမာပင်ကလေးတွေ အရိပ်အောက်မှာ နေခိုရင်း သရပါအဝင်လမ်းကို ကျွန်တော် ထိုင်ငေးနေခဲ့ဖူးသည်။ အရင်ကတော့ ပုဂံဘုရင်တို့ ဝင်ထွက်သွားလာရာ တံခါးပေါက်ကြီးပေပေါ့၊ အခုတော့ မြင်းလှည်းကလေးတွေ၊ ဆိုင်ကယ်တွေ၊ ကားတွေ၊ နိုင်ငံခြားသားတွေ၊ ဘုရားဖူးတွေ ဝင်လို့ ထွက်လို့။ မြို့တော်ဟောင်း ခံစားမှု။

mgyoe.com